


# ခိုကိုးရာ ရှာထားပါ
# ဒီလမ်းက ကွယ်တော့မယ်

(၁၃ ၊ ၁၂ ၊ ၆၁)

၆၁

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သင်္ခါရလေးပါးတရားတော်အမှတ်စဉ် (၇) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ခို ကိုး ရာ ရှာ ထား ပါ

# ဒီလမ်းက ကွယ်တော့မယ်

(၁၃၊ ၁၂၊ ၆၁)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုန်းကြီးတို့ ဒကာဒကာမတွေ အားကိုးရာ-ရှိကြပါ. . . ဆိုတဲ့ဥစ္စာကို အထူးသဖြင့်ပဲ သူမှာတယ်နော်. . . (မှန်ပါ့ဘုရား) အားကိုးရာ ရှိကြပါစေ၊ အားကိုးရာမရှိလို့ရှိရင် မဖြစ်ဘူး. . . (မှန်ပါ့)။

လောကီဥပမာ-ဘုန်းကြီးတို့ ဖြည့်စွက်ပြီးပြောရလို့ရှိရင် ဒကာ ဒကာမတို့သိတဲ့အတိုင်း၊ မွေးလာတယ်ဆိုရင်ပဲ ကိုယ့်အိမ်ကလေး အားကိုးရာရှိတော့ မိုးလုံတဲ့နေရာကလေးပြေးကြရတယ်. . . (မှန်ပါ့) အားကိုးရာရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ခိုကိုးရာရတယ် . . . (ရပါတယ်ဘုရား)။

နေပူတယ်ဆိုလို့ရှိရင်လည်း ထို့အတူပဲ၊ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ထီးကလေးပါသွား၊ ထီးခိုဖို့ရာရတယ်. . . (မှန်ပါ့) ဒီပြင် ဝင်နားမယ်ဆိုလို့ရှိရင် အိမ်ထဲ ဝင်နားနေလိုက်ရင် ခိုကိုးရာ ရတယ်. . . (မှန်ပါ့)။

ဒါကြောင့်. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခိုကိုးရာ အားထားရာကိုတော့ဖြင့် မင်းတို့အသိဉာဏ်ရှိတဲ့ဘဝ အရယူထားပါဆိုတာကိုလည်း. . . (မှန်ပါ့ဘုရား) သို့သော်. . . ဒီခိုကိုးရာဆိုတာကလည်း အဟုတ်စိတ်ချရတဲ့ခိုကိုးရာ, ခေတ္တယာယီမျှ စိတ်ချရတဲ့ ခိုကိုးရာရယ်လို့ ခိုကိုးရာ နှစ်မျိုးရှိတယ်. . . (မှန်လှပါဘုရား)။

## ယာယီခိုကိုးရာ

အဲဒီတော့ ဒကာ ဒကာမတွေဟာ ဒါနကလေးလုပ်ပြီး သကာလ နတ်ပြည်သွားပြီး ခိုကိုးလိုက်တယ် . . . (မှန်ပါ့) ခေတ္တတော့ ခိုကိုးရာရပါရဲ့, ဒိဋ္ဌိမပြုတ်ရင် အပါယ်ပြန်ကျတယ် (မှန်လှပါဘုရား)။

ဟာ. . . သီလကလေး ဆောက်တည်လိုက်တာပဲ၊ ဒါကလေး ခိုကိုးရာပဲ၊ နောက်ဘဝ ကောင်းစားရာ, ခိုကိုးရာပဲလို့ ခိုကိုးရာအလုပ်-လုပ်လိုက်ပြန်တော့လဲ ဒိဋ္ဌိက မပြုတ်ပြန်တော့လဲ ဒကာကြွယ်-ပြန်ပြီး အပါယ်လေးပါး ရောက်ပြန်တယ်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ . . .  ဒီဟာတွေဟာ ယာယီခိုကိုးရာလို့ မှတ်ပါ (မှန်ပါ့) ရှင်းပလား. . .  (ရှင်းပါပြီ) ဘယ်လို ခိုကိုးရာပါလိမ့် (ယာယီ ခိုကိုးရာပါဘုရား)။

ယာယီ-ခိုကိုးရာလောက်နဲ့တော့ဖြင့် တင်းတိမ်ပြီးမနေကြပါနဲ့ (မှန်ပါ့ဘုရား) အမြဲအစွဲ ဘယ်ဟာမျိုးမဆိုမလှုပ်ရှားနိုင် မထိခိုက်နိုင်၊ မတွန်းလှန်နိုင်တဲ့၊ မဖျက်ဆီးနိုင်တဲ့ ခိုကိုးရာကို အသိဉာဏ်ရှိတဲ့ဘဝ ရှာထားပါဆိုတဲ့ဥစ္စာကို တိုက်တွန်းရတယ် . . . (မှန်လှပါ)။

ဒါဖြင့် ခိုကိုးရာတွေ အမျိုးမျိုး အဖုံဖုံ ရှိကြငြားသော်လဲ ယာယီခိုကိုးရာတစ်မျိုး - (မှန်ပါ့) အမြဲတမ်းခိုကိုးရာတစ်မျိုး (မှန်လှပါဘုရား) ဘယ်နှစ်မျိုးရှိသွားပလဲ (နှစ်မျိုးပါဘုရား)။ နှစ်မျိုးရှိပြီး သကာလ-နေတော့ နတ်ပြည်၊ ဗြဟ္မာပြည်သွားပြီး ခိုကိုးလိုက်မယ်လို့ ဆိုပြန်လို့ရှိရင် အိုဘေး၊ နာဘေး၊ သေဘေးကျတော့ မတတ်နိုင်ဘူး. . .  (မတတ်နိုင်ပါဘုရား)။

ထိုကဲ့သို့ မတတ်နိုင်တော့. . .  ယာယီပဲ သက်သာခွင့်ရပြီး မောင်ဘသော်တို့ တော်တော်ကြာကျလို့ရှိရင်ဖြင့် စိတ်မချရတာ ပေါ်လာတယ်. . .  (ပေါ်လာပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့်မတုန်းမေးတော့ ယာယီခိုကိုးရာမို့ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ကိုင်း. . . လူပြည်လာပြီးသကာလ လူချမ်းသာရယ်လို့ဆို ပြီး သူများပြောထားတဲ့အတိုင်း ယုံပြီးသကာလ ဒကာကြွယ်တို့ ခိုကိုးတော့ ကိုယ်-ကိုယ်တိုင်ကြည့်တော့ အိုဘေး၊ နာဘေးသင့်နေ ပြီ. . . (သင့်ပါတယ်ဘုရား) မသင့်ဘူးလား (သင့်ပါတယ်ဘုရား) မရောက်ခင်တုန်းကတော့ လူပြည်ဟာခိုကိုးရာအစစ်ပဲ ဆိုပြီး သကာလ ခိုကိုးရာကြည့်လိုက်တာပဲ. . . (မှန်ပါ့) သေသေချာချာ ကြည့်လိုက်ပြန်တော့လဲ ကိုယ်-ကိုယ်တိုင် အိုဘေး၊ နာဘေး၊ သေ ဘေး သင့်နေတယ်. . . (သင့်ပါတယ်ဘုရား) မသင့်ဘူးလား. . . (သင့်ပါတယ်ဘုရား)။

**ခိုကိုးရာအစစ်ရှေးပါ**

အဲဒါ. . . ဒီဟာတွေ သေသေချာချာတွေးတော့ အို. . . ခိုကိုးရာအစစ်ဆိုတာလဲ ရှေးဦးမှ၊ ချယ်ဦးမှတော်တော့မယ်ဆိုတဲ့ ဥစ္စာ ဒီနေ့စိတ် မွေးရလိမ့်မယ် . . . (မှန်လှပါဘုရား) မမွေး သင့်ဘူးလား . . . (မွေးသင့်ပါတယ်)။

ကိုင်း. . . ဒါဖြင့် ဘယ်သူဖျက်လို့မပျက်၊ ဘယ်မရဏတွေ မှလဲ မကြောက်ရ၊ ဘယ်ကိုးဆယ့်ခြောက်ပါးတွေမှလဲ မမွှေနှောက် နိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာဖြင့် တစ်ခါခိုကိုးမိမယ်ဆိုရင်ဖြင့် ဒကာကြွယ် ရေ. . . ဘယ်သူမှ လုပ်ချောက်ချားလို့ မရဘူး. . . (မရပါဘုရား)။

အဲဒီတော့ . . . ဒီခိုကိုးရာရောက်မှဘဲ ကျုပ်တို့စိတ်ချ-

လက်ချနေလို့ရမယ်. . . (မှန်ပါ့ဘုရား) ဒီခိုကိုးရာမရောက်သရွေ့ ကာလပတ်လုံး ဖြစ်ခဲ့လို့ရှိရင် နတ်ပြည်ကျပြန်တော့လဲ အိုဘေး၊ နာဘေး၊ သေဘေးက ရှိ . . . (ရှိပါတယ်ဘုရား) လူ့ပြည်ကျပြန်တော့လဲ အိုဘေး၊ နာဘေး (ရှိပါတယ်ဘုရား) ဗြဟ္မာပြည် ခိုကိုးလိုက်မယ်ဆိုပြန်တော့လဲ . . . (အိုဘေး, နာဘေး ရှိပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့်ယာယီ ခိုကိုးရာတွေပါကလားဆိုတာ ဆုံးဖြတ်ချက်ချ . . . (မှန်လှပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ယာယီခိုကိုးရာတွေပါဘုရား) ယာယီခိုကိုးရာတွေကျတော့ အလကားပါပဲကွာ. . . ယနေ့ကစပြီး ယာယီခိုကိုးရာကတော့ အလကားပါပဲဟေ့ - (မှန်ပါ့) အမြဲတမ်းခိုကိုးရာမှပဲ စိတ်ချရမှာပဲဟေ့. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ) ဘာရှာဖို့ အချိန်ရောက်သလဲ . . . (အမြဲတမ်း ခိုကိုးရာရှာဖို့ အချိန်ရောက်ပါပြီဘုရား)။

**အမြဲတမ်းခိုကိုးရာ**

အဲဒါ. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါဓမ္မ သရဏာ. . . "တဲ့၊ ဓမ္မပဲအားကိုးကြဟေ့. . . (မှန်ပါ့) ဓမ္မပဲ အားကိုးကြဆိုတာ နိဗ္ဗာန်ဓမ္မပဲအားကိုးကြ. . . (မှန်ပါ့)။

နိဗ္ဗာန်ဓမ္မသည်သာလျှင်. . . ဒကာ ဒကာမတို့ ၉၆-ပါး

နဲ့လဲ သူမဆက်သွယ်ဘူး. . . (မှန်ပါ့ဘုရား) အိုဘေး၊ နာဘေး၊ သေဘေးနဲ့လဲ (မဆက်သွယ်ပါဘုရား)၊ မင်းဘေး၊ စိုးဘေး၊ သူခိုးဘေးနဲ့လဲ. . . (မဆက်သွယ်ပါဘုရား)။

ဪ. . . ဒါဖြင့် အဲဒီဓမ္မပဲ ကျုပ်တို့အားကိုးမှသာလျှင် ဦးဘအုန်းရေ အခြေခိုင်တော့မယ် (မှန်ပါ့ဘုရား) ဒီ့ပြင်ဟာ အားကိုးလိုက်လို့ရှိရင်ဖြင့် အခြေမခိုင်ဘူး. . . (မှန်ပါ့) အခြေမခိုင်တော့ နှစ်, ကြာလေ ကြောက်စရာကောင်းလေ- (မှန်ပါ့ဘုရား) နှစ်, ကြာလို့ရှိရင်တော့ ဆွေးတော့မှာပဲ၊ ပျက်တော့မှာပဲ၊ ပျောက်တော့မှာပဲ ဆိုတဲ့ဥစ္စာ ပါလာတယ် (မှန်ပါ့)။

**အဲဒါကြောင့်. . . အခြေခိုင်တာကိုဖြင့် ဒကာ ဒကာမတွေ အားကိုးရာရှိကြပါစေဆိုပြီး သံယုတ်ပါဠိတော်မှာ "အတ္တဒီပါဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ" တရားပဲ အားကိုးကြ၊ တရားပဲပုန်းအောင်းကြဟေ့. . . ဒီ့ပြင်ဟာတွေက ယာယီတွေဟ. . . လို့ အင်မတန် ဆုံးမတော်မူတယ် . . . (မှန်လှပါဘုရား)။**

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဓမ္မပဲအားကိုးရမယ်. . . (မှန်ပါ့) ဘယ်ဓမ္မတုန်း. . . လို့မေးတဲ့အခါကျတော့ ဓမ္မတွေကလဲ အပါယ်သွားတဲ့ ဓမ္မကလဲ ရှိသေးတယ်. . . (မှန်ပါ့) သုဂတိ-ဗြဟ္မာ့ပြည်သွားတဲ့ ဓမ္မတွေလဲရှိသေးတယ်. . . (ရှိပါတယ်ဘုရား)။

၇

## ဘယ်တရားဓမ္မအားကိုးကြမယ်

အဲဒီတော့ ဒီဓမ္မတွေလဲအသာထားပြီးသကာလ စိတ်မချရတဲ့ ဓမ္မတွေပဲဆိုပြီးသကာလ မဂ္ဂင်ရှစ်ပါးဓမ္မတရားကိုသာလျှင် မလှုပ်နိုင်တဲ့နိဗ္ဗာန် - မဖြုတ်နိုင်တဲ့နိဗ္ဗာန် - မပျက်စီးနိုင်တဲ့ နိဗ္ဗာန်ရောက်အောင် ပို့နိုင်တဲ့တရားဖြစ်လေသောကြောင့် ယခုအချိန်မှာ ဒီဓမ္မကိုပဲ ကိုယ့်ဝမ်းထဲမှာထားပြီး ကိုးစားရမယ်ဆိုတာ. . . သတိပေးလိုက်ပါတယ်. . . (မှန်ပါ့)။

ကိုယ့်ဝမ်းထဲမှာထားပြီး ဒီဓမ္မပဲ အားကိုးကြပါဆိုတာ သတိပေးရတယ်. . . (မှန်ပါ့) ဒိပြင် ဓမ္မတွေကတော့ဖြင့် အထိမခံရွှေပန်းကန်တွေလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဦးဘအုန်း ကျေနပ်ပြီ . . . (ကျေနပ်ပါပြီဘုရား) ဘယ်ဓမ္မအားကိုးကြမယ် . . . (နိဗ္ဗာန်ပို့မည့် ဓမ္မအားကိုးကြရပါမယ်ဘုရား) အားကိုးလို့ရှိရင် မခိုင် - မမြဲသလို ဒကာ ဒကာမတို့ သစ်ပင်တက်တဲ့ပုဂ္ဂိုလ်လိုပေါ့နော် . . . (မှန်ပါ့) သစ်ကိုင်းခြောက်သွားပြီးအားကိုးလောက်တယ်ဆိုပြီး ဆွဲလိုက်မယ်ဆိုရင် သူကကျိုးတာနဲ့ ကိုယ်ပါကျိုးရတယ် . . . (မှန်လှပါဘုရား) သူပျက်စီးတာနဲ့ ကိုယ်ပါပျက်စီးရတယ် . . . (မှန်ပါ့)။

အဲဒီတော့ နတ်ပြည်ဗြဟ္မာပြည်တွေဟာ သစ်ကိုင်းခြောက်နဲ့ တူတယ်ကွ . . . (မှန်လှပါဘုရား) တကယ်အားကိုးလို့မရဘူးကွ- တော်တော်ကြာကျလို့ရှိရင် ပြုတ်ကျတာပဲဆိုတော့ . . ဒကာကြွယ်

ရေ . . .  နိဗ္ဗာန်ဓမ္မပဲ အားကိုးရမယ် . . .  (မှန်လှပါဘုရား)။

နိဗ္ဗာန်ဓမ္မသည် ဘယ်လိုမှ ကျိုးတယ်, ပေါက်တယ်, ပျက်တယ်မဟုတ်ပါဘူး. . . (မှန်ပါ့) သို့သော်လဲ သူ့ကိုပဲ အားကိုးကြပါဆိုငြားသော်လဲ သူ့ပို့တဲ့တရားကို ရှေးဦးစွာ အားကိုးရမယ် (မှန်လှပါဘုရား) သူ့ပို့တဲ့တရားက မဂ္ဂင်ရှစ်ပါး. . .  (မှန်လှပါဘုရား)။

## မဂ္ဂင်ရှစ်ပါးကိုအားကိုးကြပါ

ဒကာ ဒကာမတို့ . . .  အားကိုးရာအစစ် ပို့နိုင်တဲ့တရားက ဘယ်သူပါလိမ့်. . .  (မဂ္ဂင်ရှစ်ပါးပါဘုရား) ကဲ ဒါဖြင့် အဲဒီဓမ္မကိုစ, ပြီးအားကိုးကြပါ . . .  (မှန်လှပါဘုရား)။

ဒီဓမ္မစ, ပြီး အားကိုးလိုက်ပြီ ဆိုမှဖြင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ရောက်အောင်ပို့လိုက်တယ် . . .  (မှန်ပါ့) ဒါကြောင့် မဂ္ဂင်ရှစ်ပါး ဓမ္မတရားကိုဖြင့် ဒကာ ဒကာမတို့ အမြဲတမ်းအားကိုးကြပါ၊ သူသာလျှင် ခုနင်ကမကျိုး, မပျက်တဲ့ နေရာအရောက်ပို့နိုင်တဲ့ တရားဖြစ်လေသောကြောင့် သူ့ကိုပဲ ကျုပ်တို့ဓမ္မဒီပါ ဓမ္မသရဏာဆိုတဲ့အတိုင်း ဒီဓမ္မပဲ ကျွန်းကြီးသဖွယ် အောက်မေ့ရမယ် (မှန်ပါ့) ဒီဓမ္မပဲ ကိုးကွယ်ရာလုပ်ရမယ် . . .  (မှန်ပါ့) ရှင်းပါပြီ. . . (ရှင်းပါပြီဘုရား) ဒါဖြင့် မဂ္ဂင်ဓမ္မ အားကိုးကြ (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာအားကိုးကြမယ် . . . (မဂ္ဂင်ဓမ္မအား

ကိုးကြရပါမယ်ဘုရား) မဂ္ဂင်ဓမ္မပဲ ဦးဘအုန်းရေ . . . အားကိုးမှပဲ . . (မှန်ပါ့) မဂ္ဂင်ဖောင်ကြီး မဂ္ဂင်ရထားပဲရယ်လို့ ဘုရားကအမျိုးမျိုး ဟောတယ် (မှန်လှပါဘုရား)။

အဲ. . . အမျိုးမျိုးဟောပြီးသကာလ နေတော့ ဩော်. . . သူသည် မပြုမပျက်နိုင်တဲ့နေရာ ပို့တဲ့တရားပါလားဆိုတဲ့ ဥစ္စာဖြင့် မောင်ဘသော်တို့ သေချာပါပြီ . . . (သေချာပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် မဂ္ဂင်ဓမ္မလဲ ဘယ်လိုလုပ်မှတပည့်တော် တို့ရမှာပါလဲလို့ မေးတဲ့အခါကျတော့ မဂ္ဂင်ဓမ္မဟာလဲ ဦးဘအုန်း အလိုလိုပေါ်လာတဲ့ဓမ္မမဟုတ်ဘူး. . . (မှန်လှပါဘုရား)။

**အားထုတ်ယူရမည့်မဂ္ဂင်ဓမ္မ**

အလိုလိုပေါ်လာတဲ့ ဓမ္မမဟုတ်ပါဘူး ဒကာကြွယ်ရဲ့ အား ထုတ်ယူရတဲ့ဓမ္မပါ . . . (မှန်လှပါ) သဘောကျပလား. . (ကျပါပြီ ဘုရား)။

မဂ္ဂင်ဓမ္မဟာလဲ အလိုလိုပေါ်လာတာလား အားထုတ်ယူ ရမှာလား - (အားထုတ်ယူရမှာပါဘုရား) အားထုတ်ယူရမှာဆိုတာ ရှင်းရှင်းလင်းလင်းမှတ်ထားပါ (မှန်လှပါဘုရား)။

အဲဒီတော့ဒီမဂ္ဂင်ဓမ္မကလဲ ဘယ်လိုအားထုတ်ရမှာတုန်း. . လို့မေးတော့မှ ဟာ. . . မဂ္ဂင်ဓမ္မဆိုတာ သတိပဋ္ဌာန်အလုပ်- လုပ်လို့ရှိရင်ဖြင့် မဂ္ဂင်ဓမ္မပေါ်လာတာပဲ. . . (မှန်ပါ့)။

သတိပဋ္ဌာန် အလုပ်-လုပ်လို့ရှိရင် . . . မဂ္ဂင်ဓမ္မပေါ်လာပါတယ်ဘုရား မဂ္ဂင်ဓမ္မပေါ်လာတာပဲလို့ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

သတိပဋ္ဌာန် အလုပ်-လုပ်လို့ရှိရင် (မဂ္ဂင်ဓမ္မ ပေါ်လာပါတယ်ဘုရား) မဂ္ဂင်ဓမ္မပေါ်လာတယ်ဆိုတာ သေသေချာချာ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

အဲဒီတော့ မဂ္ဂင်ဓမ္မ သည်ကားလို့ ဆိုရင်ဖြင့် နိဗ္ဗာန်လဲ ပို့တယ်၊ ရန်သူတွေလဲသတ်တယ် . . . (မှန်လှပါဘုရား) နိဗ္ဗာန်ကိုလဲ (ပို့ပါတယ်ဘုရား) ရန်သူတွေလဲ . . . (သတ်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ရန်သူနိုင်တာလဲ သူပဲ. . . (မှန်ပါ့) မကျိုးမပျက်ပဲ ပို့တာလဲ. . . (သူပါပဲဘုရား) ကိလေသာ ရန်သူတွေ သတ်တာလဲ. . . (သူပါပဲဘုရား) မကျိုး, မပျက်, မပျောက်တဲ့ နိဗ္ဗာန်ပို့တာလဲ. . . (သူပါပဲဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ကိုးစားရာ အစစ်ဟာဖြင့် ဦးဘအုန်းတွေ့ပြီဗျာ . . . (တွေ့ပါပြီဘုရား) အဲဒီတော့. . . ဒီတရားပဲ ကျုပ်တို့ တွေ့ပြီးသကာလနေတော့ ဒါကလေး ကိုယ်ပိုင်ရဖို့အလုပ်ဟာ ကျုပ်တို့အရေးကြီးတယ်. . . (မှန်ပါ့ဘုရား) ဒါကလေးကိုယ်ပိုင်ရဖို့အလုပ်ဟာ အလွန်အရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းရှင်းလင်းလင်း မှတ်ပါ. . . (မှန်ပါ့ဘုရား)။

အလွန်အရေးကြီးပါတယ်နော်. . . (မှန်ပါ့) ဘယ်လို အရေးကြီးသလဲလို့မေးတဲ့အခါကျတော့ မဂ္ဂင်ဓမ္မဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ၂-နံပါတ်က ရုပ်နာမ်တွေ ရှိပါတယ်ဆိုတဲ့ဥစ္စာ ပဋိစ္စသမုပ္ပါဒ် မှာ ဒကာ ဒကာမတွေ မြင်ပါပြီ. . . (မြင်ပါပြီဘုရား) ၂-နံပါတ် မှာလဲ ရှိတဲ့ ရုပ်နာမ် ဓမ္မတွေ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။

အဲဒီ ၂-နံပါတ်ရှိတဲ့ ရုပ်နာမ်ဓမ္မတွေကိုလဲ ကြည့်တတ်ရင် မဂ္ဂင်ဓမ္မပေါ်လာတယ် . . . (မှန်ပါ့) အရိယာမျက်လုံး တပ်ပြီး ကြည့်လိုက်လို့ရှိရင် . . . (မဂ္ဂင်ဓမ္မပေါ်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် မဂ္ဂင်ဓမ္မဆိုတာလဲ သူတော်ကောင်းမျက် လုံး အရိယာတို့၏မျက်လုံး၊ ဒီမျက်လုံးနဲ့ ကြည့်မှပဲ မဂ္ဂင်ဓမ္မကလဲ ပေါ်တယ်. . . (မှန်ပါ)။

မဂ္ဂင်ဓမ္မက အလိုလိုပေါ်လာတာလား၊ သူတော်ကောင်း မျက်လုံး၊ အရိယာမျက်လုံး တပ်ကြည့်မှပေါ်တာလား (သူတော် ကောင်းမျက်လုံး၊ အရိယာမျက်လုံး တပ်ကြည့်မှ ပေါ်တာပါဘုရား)။

## ဘယ်အကျိုးငှာတရားနာကြတာတုံး

အဲဒါကြောင့် အခုတရားနာကြတဲ့ ဒကာ ဒကာမတို့ ဘယ် အကျိုးငှာ နာကြတာတုံး ဆိုလို့ရှိရင်ဖြင့် မဂ္ဂင်ဓမ္မပေါ်အောင်လို့ နာကြတာပဲ. . . (မှန်ပါ့) ပွားများကြတာလဲ မဂ္ဂင်ဓမ္မပေါ်အောင်လို့ ပွားများကြတာပဲ. . . (မှန်ပါ့)။

သို့သော် ဆရာဘုန်းကြီးက သူတော်ကောင်းမျက်လုံး တပ်ပေးလိုက်ချင်တယ်. . . (မှန်ပါ့) တပ်ပေးလိုက်တော့ သူတော်ကောင်းမျက်လုံးရတော့ ရင့်ကျက်လာတော့ အရိယာမျက်လုံး ဖြစ်လာတယ် . . . (မှန်ပါ့)။

အဲဒီ မျက်လုံးတွေကို သူတော်ကောင်းမျက်လုံး ရှေးဦးစွာ တပ်ပြီး ရင့်ကျက်လာလို့ အရိယာမျက်လုံးဖြစ်အောင် ဒကာ ဒကာမတွေက ကြိုးစားလိုက်ပြီဆိုမှဖြင့် မဂ္ဂင်ဟာ ပေါ်လာတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မဂ္ဂင်ပေါ်လာသည်နဲ့တပြိုင်နက်တည်းတဲ့ ဒီဘက်မှာ တဏှာဥပါဒါန်တို့ သောက, ပရိဒေဝတို့ လာသေးသလား . . . (မလာပါဘုရား)။

၂-နံပါတ်လဲမလာ၊ ၃-နံပါတ်လဲမလာ၊ ၄-နံပါတ်လဲမလာ (မှန်ပါ့ဘုရား) ၃-နံပါတ်မလာတာလဲ ဘယ်သူ့ကြောင့်တုန်း. . . (မဂ္ဂင်ကြောင့်ပါ) ၄-နံပါတ်တွေက အဆက်ပြတ်သွားတာ. . . (မဂ္ဂင်ကြောင့်ပါဘုရား)။

ဩော် . . . ဒါဖြင့် မဂ္ဂင်ဓမ္မကသတ်တာ ဒီဘက်က သမုဒယသစ္စာ ကိုလဲသတ်တယ်၊ လာလတ္တံ့ ဒုက္ခသစ္စာတွေကိုလဲ သတ်တယ်. . . (မှန်ပါ့) ဘယ်သူပါလိမ့်. . . (မဂ္ဂင်ဓမ္မပါဘုရား)။

**အားကိုးရာတစ်ခုလုပ်ထားပါ**

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာကြွယ် အားကိုးရာတစ်ခုလုပ်ထားပါ. . . တဲ့ (မှန်ပါ့) ဒကာ ဒကာမတို့ အားကိုးရာ တစ်ခုဖြင့် (လုပ်ပါဘုရား) ဘယ်သူပါလိမ့်မတုန်း. . . (မဂ္ဂင်ခမ္မပါဘုရား)။

အို. . . ဒါဟာခင်ဗျားတို့ ဦးဘအုန်း ဒီအသံထွက်လာတာကို အလွန်ကျေးဇူးများပြီး (မှန်လှပါဘုရား) ရှေးတုန်းကတော့ ဒကာကြွယ်ကို့ ဒီလိုဗဟုသုတကြီးကြီးကျယ်ကျယ် မရှိခင်တုန်းက ကိုယ်ပြုထားတဲ့ ကျောင်းကန်ဘုရားကလေး သူအားကိုးလိမ့်မယ် (ကိုးပါတယ်ဘုရား) ဒါကလေး နတ်ပြည်ပို့မှာကိုးဗျ. . . (မှန်ပါ့ဘုရား)။

အင်း. . . ကိုယ်ဆောက်တည်ထားတဲ့ တရားကလေးလဲ အားကိုးလိမ့်မယ်. . . (အားကိုးပါတယ်ဘုရား)။

အင်း. . . ဒါကလေးတွေကလဲ မဂ္ဂင်ကမဟုတ်သေးတော့ သူတို့ပို့တော့ပို့မှာပဲ ယာယီခိုကိုးရာ . . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ် (ယာယီခိုကိုးရာပို့ပါမယ်ဘုရား) ယာယီခိုကိုးရာပဲပို့မယ်. . . (မှန်ပါ့) အမြဲတမ်း ခိုကိုးရာတော့ (မပို့နိုင်ပါဘုရား)။

## မဂ္ဂင်ကမှ နိဗ္ဗာန်ပို့တယ်

အင်း. . . ဒါကြောင့် ဘုန်းကြီးက အရင်းထားပြီး ဒကာ ဒကာမတွေ အမှန်အကန်ပြောတော့ ဒကာ ဒကာမတွေ မဂ္ဂင်မှ နိဗ္ဗာန်ပို့တယ်. . . (မှန်ပါ့) သူပို့လိုက်တဲ့နေရာကတော့ ပျက်ခြင်း ပြိုခြင်း, ပျောက်ခြင်း မရှိပါဘူး. . . (မရှိပါဘုရား) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် သူ့အားကိုးရမယ်ဆိုတဲ့အတိုင်း စောစောက ပြော လိုက်တာလဲ ဒကာကြွယ်- ဦးဘအုန်းတို့ ကျေနပ်လောက်အောင် သဘောကျတယ်. . . (ကျပါတယ်ဘုရား)။

ဒီပြင်ဟာတွေက ယာယီခိုကိုးရာတွေ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘယ့်နှယ်ကြောင့် ဒီမဂ္ဂင်ဓမ္မကို ခိုကိုးကြပါ လို့ဆိုသတုံး. . . ဆိုတော့ ဒီနေရာမှာ ဒကာ ဒကာမတွေက ဒီခန္ဓာ တွေက ဒုက္ခသစ္စာလို့ မှန်မှန်ကန်ကန်သိမယ်၊ ၂-နံပါတ်တွေကိုနော် . . . (မှန်ပါ့)။

၂-နံပါတ်တွေ မှန်မှန်သိတော့ ဒီနားမှာ မဂ္ဂင်ကလေး ပေါ်တယ်. . . (မှန်ပါ့) မဂ္ဂင်ရှစ်ပါးသွားပေါ်တယ် (မှန်ပါ့) ရှစ်ရာ က မဂ္ဂင်ငါးပါးပေါ်တယ်။ နောက်တော့. . . ရှဖန်များတော့ ရှစ်ပါး ပေါ်တယ်. . . (မှန်ပါ့)။

ဒါတွေ ဒုက္ခသစ္စာမြင်လာလို့ရှိရင် ဒါတွေဟာ ဒုက္ခသစ္စာ တွေ ပင်ကိုက ဒုက္ခသစ္စာပဲ. . . (မှန်ပါ့) ဒီမှာကြည့်ပါလား ဒုက္ခသစ္စာ . . . (မှန်ပါ့)။

ပင်ကိုက ဒုက္ခသစ္စာကို ဒကာ ဒကာမတွေက ကိုယ့်ဉာဏ်ထဲ ဒုက္ခသစ္စာ မြင်လာလို့ရှိရင် ဒီဘက်က ကိလေသာတွေလဲ သူဖြတ်ပါတယ်. . . (ဖြတ်ပါတယ်ဘုရား) ဒီနားပေါ်တဲ့ မဂ္ဂင်ကလေ . . . (မှန်ပါ့) ဒီဘက်က နိဗ္ဗာန်ကော . . . (ပို့ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် မဂ္ဂင်သည် ဒကာ ဒကာမတို့ ၃-နံပါတ်ကိုလဲ မလာစေ. . . (မှန်ပါ့) ၂-နံပါတ်ဖုံးနေတဲ့ နိရောဓသစ္စာ. . . ဆိုတဲ့ နိဗ္ဗာန်ကိုလဲ အရောက်ပို့တယ် . . . (ပို့ပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာရန်သူကို ဖြတ်တာလဲမဂ္ဂင်ပဲ. . . (မှန်ပါ့) ဒီနေရာမဂ္ဂင်ပေါ်ရမယ်. . . (မှန်ပါ့) သူဖြစ်ပျက်ရှုရမှာကိုး. . . (မှန်လှပါ)။

အဲဒီတော့ ဒီကိလေသာရန်သူတွေ ဖြတ်တာကော. . . (မဂ္ဂင်ပါဘုရား) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီဘက် ဝေဒနာနိရောဓ, တဏှာ နိရောဓ, နိဗ္ဗာန် ပို့လိုက်တာကော. . . (မဂ္ဂင်ပါဘုရား)။

## မဂ္ဂင်သည် အလွန်ကျေးဇူးများတယ်

ဩော်. . . ဒါဖြင့် ဒကာကြွယ်-နေရာကျပြီ (ကျပါပြီဘုရား) ကိလေသာရန်သူတွေဖြတ်တာလဲ မဂ္ဂင်ပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) မပြိုမပျက်တဲ့နိဗ္ဗာန်ပို့တာလဲ (မဂ္ဂင်ပါဘုရား)။

ဩော်. . . မဂ္ဂင်သည်ကားလို့ ဆိုလို့ရှိရင် ဒကာ ဒကာမ

တို့ အလွန်ကျေးဇူးများတယ်ဆိုတာ ပေါ်လာပလား. . . (ပေါ်လာပါပြီဘုရား)။

ကိလေသာရန်သူဖြတ်တာလဲ. . . (မဂ္ဂင်ပါဘုရား) နိဗ္ဗာန်ကို ရောက်ကြောင်းအဖြစ်နဲ့ပို့တာလဲ. . . (မဂ္ဂင်ပါဘုရား)။

အဲဒီမဂ္ဂင်ကလေးဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မဒီပါ၊ ဓမ္မသရဏာ၊ ဒီတရားပဲ ကျွန်းကြီးသဖွယ် အားကိုးကြ၊ ဒီတရားပဲ တောင်ကြီးသဖွယ် ခိုအောင်းကြကွဲ့. . . (မှန်ပါ့ဘုရား) ဆိုတော့ မဂ္ဂင်အရေးကြီးပုံဖြင့် ယနေ့ဒကာကြွယ်ရေ-ကောင်းကောင်းပေါ်သွားပြီ. . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမတွေ ပွားများယူလိုက်ရင် မဂ္ဂင်ပေါ်တာပါပဲ. . . (မှန်ပါ့) ပွားများယူလိုက်ရင်. . . (မဂ္ဂင်ပေါ်ပါတယ်ဘုရား)။

၂-နံပါတ်ထဲက တရားတွေ အခု စိတ်ရှုလိုက် ဖြစ်ပျက်မြင် ဖြစ်ပျက်က အနိစ္စ၊ မြင်တာက မဂ္ဂ . . . (မှန်ပါ့ဘုရား) ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာကဖြစ်ပြီး ပျက်လို့ အနိစ္စ. . . (မှန်ပါ့) မြင်တာကမဂ္ဂဆိုတော့ မဂ္ဂင်ဆိုတာ ဝမ်းထဲရောက်ပြီ. . . (ရောက်ပါပြီဘုရား) မရောက်ဘူးလား. . . (ရောက်ပါပြီ)။

မဂ္ဂင်ရောက်ပြီးသကာလ လာတော့ ရှေ့တွင်ဖဲပြလိုက်တော့ ဒီဘက်က ၃-နံပါတ်ကိလေသာ ,တဏှာ, ဥပါဒါန် , ကံတွေ

ကော . . . (မလာပါဘုရား) မလာဘူး၊ ဒါ , မဂ္ဂင်ကဖြတ် လိုက်တာ (မှန်ပါ့)။

နောက်-မဂ္ဂသစ္စာတွေ ချက်ချင်းရောက်လာတော့ နိရောဓသစ္စာဘက် ပို့လိုက်တယ်ဆိုတာကော. . . (မဂ္ဂင်ဓမ္မပါဘုရား)။

ဒါဖြင့် ဒီဟာ. . . အားကိုးရာမရှိတဲ့ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်မရောက်သေးဘူး. . . (မရောက်သေးပါဘုရား)။

ဒီဟာအားကိုးရာမရှိတဲ့ပုဂ္ဂိုလ်များမှာ . . . (နိဗ္ဗာန်မရောက်သေးပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာကြွယ်ရေ . . . နတ်ပြည်, ဗြဟ္မာ့ပြည်တွေကိုဖြင့် သွားပြီးသကာလ သစ်ပင်တတ်တဲ့လူက သစ်ကိုင်းခြောက်ဆွဲသလို ကျိုးကျမှာစိုးရိမ်ရတယ်. . . (မှန်ပါ့ဘုရား) ကျိုးတတ်တဲ့ဓမ္မတွေကိုး (မှန်ပါ့ဘုရား) ပျက်တတ်တဲ့ ဓမ္မတွေကိုး (မှန်ပါ့ဘုရား)။

**အားကိုးမလွဲပါစေနဲ့**

အဲဒါတွေကြောင့် အားကိုးမလွဲပါစေနဲ့ ဆိုတာကို ဦးဘအုန်းသတိပေးရတယ် - (မှန်ပါ့) အားကိုးမလွဲပါစေနဲ့ဆိုတာ (သတိပေးရပါတယ်ဘုရား) ဘာ့ကြောင့်တုံး မခိုင်လို့ (မှန်ပါ့) သဘောပါပလား (ပါ-ပါပြီ) မခိုင်တာအားကိုးလို့ရှိရင် မခိုင်သလို ကိုယ်နစ်နာလိမ့်မယ် (မှန်ပါ့)။

မခိုင်တာအားကိုးရင် . . . (မခိုင်သလို နစ်နာမှာပါဘုရား) မခိုင်သလိုနစ်နာရမယ်ဆိုတဲ့ဥစ္စာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် မဂ္ဂင်အလုပ်ကလဲ ဆုတောင်းလို့ မရ ၂-နံပါတ်တွေကို ဖြစ်ပျက်မြင်မှ ဝမ်းထဲမှာ မဂ်ဝင်တယ်. . . (မှန်ပါ့ဘုရား)။

၂-နံပါတ်တွေဖြစ်ပျက်မြင်မှ ဝမ်းထဲမဂ်ရောက်လာတယ် (မှန်ပါ့) နို့မဟုတ်လို့ရှိရင်ဖြင့် မဂ္ဂင်ရောက်လာပါ့မလား. . . (မရောက်လာပါဘုရား)။

မရောက်လို့ရှိရင်လဲ ကိလေသာရန်သူ မဖြစ်နိုင်တာလဲ သူပဲ . . . (မှန်ပါ့) နိဗ္ဗာန်မပို့နိုင်တာလဲ သူမရလို့ပဲ. . . (မှန်ပါ့) သဘောကျပြီ. . . (ကျပါပြီ)။

ကိလေသာရန်သူမဖြတ်တာလဲ မဂ်မရလို့ (မှန်ပါ့) နိဗ္ဗာန်မရောက်တာလဲ . . . (မဂ်မရလို့ပါဘုရား) မဂ်မရလို့ ဆိုတာဖြင့် ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ၂-နံပါတ်ရှိတဲ့တရားတွေ ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုရမှာဆိုတော့ ဒကာကြွယ်ခင်ဗျားတို့က လုပ်ရှုရမှာလား၊ သူကဖြစ်ပြီး ပျက်နေတာကို ကိုယ်က ကြည့်ရုံပဲလား. . . (သူကဖြစ်ပြီး ပျက်နေတာကို ကိုယ်ကကြည့်ရုံပါဘုရား)။

သူက ဖြစ်ပျက်ပြမှာပဲဆိုတာ ဒကာ ဒကာမတို့က မှတ်ပါ (မှန်ပါ့ဘုရား) ကိုယ်က ကြည့်တတ်တဲ့ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ကျတော့ အပျက်မြင်ရင် မဂ်ဝင်လာတယ်မှတ်ပါ . . . (မှန်ပါ့ ဘုရား) အပျက်မြင်ရင် (မဂ်ဝင်လာပါတယ်ဘုရား) အပျက်မြင်ရင် မဂ်ဝင်လာတော့ ကိလေသာရန်သူလဲ ရှိသေးရဲ့လား (မရှိပါဘုရား) သဘောကျပြီ . . . (ကျပါပြီဘုရား)။

ဒုက္ခသစ္စာကြီးများ ချုပ်သွားတော့ . . . အပျက်တွေမြင် လို့ အပျက်တွေမုန်းလို့ အပျက်တွေဆုံးသွားတာ ဒုက္ခဆုံးတယ်- (မှန်ပါ့ဘုရား) ဒုက္ခဆုံးသွားပြန်တော့ နိဗ္ဗာန်တွေ့ရတယ် . . . (မှန်ပါ့) မတွေ့ရဘူးလား . . . (တွေ့ရပါတယ်ဘုရား)။

အင်း . . . ဒါလဲဘာနဲ့တွေ့ရတာတုံးမေးတော့ ဘယ့်နှယ် ဖြေကြမလဲ . . . (မဂ္ဂင်နဲ့ တွေ့ရပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ကိလေသာရန်သူတွေကို ကန့်ကွက်တာ လဲ သူပဲ . . . (မှန်ပါ့) အပျက်-အဆုံး နိဗ္ဗာန်သို့ပို့တာလဲ - (သူပါပဲ ဘုရား)။

ဒါဖြင့် ဒီအားကိုးလုံးကလေးဖြင့် အားလုံး တရားတစ်ပွဲလုံး ပဲ အရယူထားရမယ် အရယူထားရမယ်ဆိုတာဖြင့် စိတ်ထဲမှာ မြဲမြဲ စွဲဖို့ကြိုးစားကြပါ . . . (မှန်လှပါဘုရား)။

ဒါကလေးဖြင့် အရယူမပော့၊ ဒါကလေးဖြင့် အရယူမပော့ ဆိုတာကိုဖြင့် မရသေးရင် ကြိုးစားလိုက်ပါ . . . (မှန်ပါ့ဘုရား)

မရသေး ဘယ့်နှယ်လုပ်မလဲ . . . (ကြိုးစားရမှာပါဘုရား) ကြိုးစား လိုက်ပါဆိုတာ ဘုန်းကြီးများက တိုက်တွန်းရတယ် . . (မှန်ပါ့ဘုရား)။

**ခင်ဗျားတို့က ရေနစ်သလိုပဲ**

ခင်ဗျားတို့ကတော့ဖြင့် ဘာတွေအားကိုးရမယ်လို့ အစစ်ကို မသိတော့ ခင်ဗျားတို့က ရေနစ်သလိုပဲ. . . (မှန်ပါ့)။

ရေနစ်တဲ့ပုဂ္ဂိုလ်ဟာဖြင့် ဦးဘအုန်း ဝါးဖောင်တွေ့လဲ ဝါးဖောင်အားကိုးလိုက်တာပဲ. . . (မှန်ပါ့) ငှက်ပျောဖောင်တွေ့လဲ (ငှက်ပျောဖောင် အားကိုးပါတယ်) ရေလယ်မှာ မြက်သစ်ကိုင်းတွေ တွေ့ပြန်လဲ . . (မြက်-သစ်ကိုင်း အားကိုးပါတယ်ဘုရား)။

တစ်ခုမှလဲမခိုင်ဘူး . . . (မခိုင်ပါဘုရား) ဝါးဖောင်ကလဲ တော်တော်ကြာ ဆွေးမြေ့ပြီးသွားမှာပဲ (သွားမှာပါပဲ) ရှင်းပြီ . . . (ရှင်းပါပြီ)။

ငှက်ပျောဖောင်ကလဲ အခွံထဲကရှိတဲ့ရေနဲ့ ပတ်သက်ပြီး ရီညက်ပြီးသွားပြီး သူပါပျက်တာပဲ (မှန်ပါ့) သစ်ခက်တွေ တွေ့ပြန်လဲ ထို့အတူပဲ အားမကိုးလောက်လို့ ပျက်စီးတာပဲ. . . (မှန်ပါ့)။

အဲ. . . ခင်ဗျားတို့ နဂိုသိထားတာကတော့ အားကိုးမမှန်ဘူး (မှန်ပါ့ဘုရား) ဒကာကြွယ်ဘယ့်နှယ်တုန်း . . . (အားကိုးမမှန်ပါဘုရား) ဦးဘအုန်းကြီး ငယ်ငယ်တုန်းက ကြားထားတာတွေက အားကိုးမှုမမှန်ပဲ. . . (မှန်လှပါဘုရား)။

ငှက်ပျောဖောင်၊ ဝါးဖောင်၊ သစ်ခက်တို့ကို ရေထဲနစ်တဲ့ ပုဂ္ဂိုလ်တွေ့သလိုဖြစ်နေတော့ ကိုယ်အားကိုးချင်ရာ အားကိုးပြီး ချ လိုက်တော့ကို တစ်ခုမှလဲခိုင်တယ်၊ မြဲတယ်ကမတွေ့(မတွေ့ပါဘုရား)။

**အနိစ္စတွေအားကိုးကြတယ်**

အဲဒီတော့ကို. . . ဒကာကြွယ်တို့ သတိပေးချင်တယ်၊ သင်္ခါရာ အနိစ္စတွေအားကိုးလို့တော့ ဘယ်ရမတုန်း. . . (မရပါဘုရား)။

နတ်ပြည်ဆိုတာလဲ သင်္ခါရာ အနိစ္စ- (မှန်ပါ့) ဗြဟ္မာ ပြည်ဆိုတာကော . . . (သင်္ခါရာ အနိစ္စပါဘုရား)။

ဟာ. . . ဒါဖြင့် ဒကာကြွယ်လွဲကုန်ပြီ. . . (လွဲပါတယ် ဘုရား) အနိစ္စအားကိုးရတယ်လို့ (မှန်ပါ့) မောင်ဘသော် ဘယ့်နှယ် ဆိုရမလဲ . . . (အနိစ္စအားကိုးရပါတယ်ဘုရား)။

ဒါက သေသေချာချာ ကြည့်လိုက်တော့မှ ဩော်. . . တို့ ငယ်ငယ်တုန်းက သူများပြောသံကြားနဲ့ နတ်အားကိုး၊ နတ်တွေ အားကိုး၊ ဗြဟ္မာပြည်အားကိုးနဲ့ အခု သေသေချာချာဆရာဘုန်းကြီး က ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ညွှန်ပြပြန် တော့ သင်္ခါရာ အနိစ္စထဲ သူတို့ပါနေတယ်. . . (ပါနေပါ တယ်ဘုရား)။

နတ်လဲပါတယ်. . . (မှန်ပါ့) ဗြဟ္မာကော. . . (ပါ

တယ်ဘုရား) ပါတာကို ဦးဘအုန်းကြီးတို့က သူများပြောသံကြား နဲ့ အားကိုးလိုက်တော့ ဒီအနိစ္စတရားတွေ အားကိုးမိလျက်ကြုံနေ တယ်- (ကြုံနေပါတယ်ဘုရား) ဘယ်လိုဆိုကြမယ် (ဒီအနိစ္စတရား တွေ အားကိုးမိလျက် ကြုံနေပါတယ်ဘုရား)။

ဟာ. . . ဒကာကြွယ် ပြောတတ်ပလားဗျ. . . (ပြော တတ်ပါပြီဘုရား) ခင်ဗျားတို့ရှေးက အားကိုးတာကို ကိုယ့်ဉာဏ်နဲ့ ကိုယ်ဆက်တတ်ပလား . . . (ဆက်တတ်ပါပြီဘုရား) ရှေးကနတ် ပြည်အားကိုးတယ်နော်. . . (မှန်လှပါဘုရား) ဗြဟ္မာပြည် အားကိုး ကြတယ်. . . (မှန်ပါ့) ကဲ. . . ပါဠိတော်ထဲ သွင်းလိုက်. . . (သဗ္ဗေ သင်္ခါရာ အနိစ္စပါဘုရား)။

ကဲ. . . သူတို့ဟာ သင်္ခါရတရားတွေ (မှန်လှပါဘုရား) သင်္ခါရတရားတွေဆိုတာ လှူပြည်ကဒါနနဲ့ ပြုပြင်ထားတာ- (မှန်ပါ့ ဘုရား) သီလနဲ့ပြုပြင်ထားတာ (မှန်ပါ့) အဲဒီတော့သင်္ခါရတရားတွေ ဟိုမှာပေါ်လာတယ် - (ပေါ်လာပါတယ်ဘုရား)။

အဲဒီတရားတွေ သဗ္ဗေ-သင်္ခါရာ အနိစ္စာ. . . တဲ့၊ မင်းတို့ ပြုပြင်လို့ ပေါ်ထားတာကတော့ကွာ . . . တဲ့၊ ဟိုမှာ ပေါ်ငြားသော် လည်း နတ်ဘုံ-နတ်နန်းတွေဟာ အနိစ္စတွေပါတဲ့ (မှန်ပါ့) ရှင်း ပလား (ရှင်းပါပြီ) ခင်ဗျားတို့က ဒါနပြုပြင်ထားတာကိုး (မှန်ပါ့) သီလနဲ့ . . . (ပြုပြင်ထားတာပါဘုရား)။

ဒါနနဲ့ပြုပြင်၊ သီလနဲ့ပြုပြင်ထားတော့ သူတို့ကို ခင်ဗျားတို့

ပြုပြင်ထားခြင်းကြောင့် သင်္ခါရတရား. . . (မှန်ပါဘုရား) အဲဒီ မင်းတို့ပြုပြင်ထားတော့ကို. . . တော်တော်ကြာကျတော့ အနိစ္စပဲ ကွ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်လိုဆိုကြမယ်. . . (အနိစ္စတရားပါဘုရား) ရွတ်ပါ- ရွတ်ပါ့ ခင်ဗျားတို့ပါဠိနဲ့ ခင်ဗျားတို့ ရွတ်ဖတ်နေကြတယ် (သဗ္ဗေ သင်္ခါရာ အနိစ္စပါဘုရား)။

ကဲ. . . ဒကာကြွယ် ကိုယ်ပြုပြင်ထားတာ ဘာတဲ့. . . (သဗ္ဗေ သင်္ခါရာ အနိစ္စပါဘုရား) အဲ. . . ကိုယ်ပြုပြင်ထားတာက သဗ္ဗေသင်္ခါရာနော်. . . (မှန်ပါ့) မိမိကဒါနနဲ့ပြုပြင်ထားလိုက်တော့ နတ်ပြည်ဘုံပေါက်တယ်. . . (မှန်ပါ့ဘုရား) သီလနဲ့ ပြုပြင်ထား လိုက်တာ နတ်ပြည်အသက်ရှည်ဖို့တွေ ဖြစ်နေတယ် (မှန်ပါ့)။

အဲဒီအသက်ရှည်နေတဲ့နတ်, အသက်ရှည်တဲ့ ဘုံတွေဟာ ဘာတဲ့တုန်း (သဗ္ဗေ သင်္ခါရာ အနိစ္စပါဘုရား) အဲ-ဒီကပြုပြင်ထား ခြင်းကြောင့် ဟိုမှာ အနိစ္စပဲပေါ်တယ်. . . (မှန်ပါ့ဘုရား)။

## ပြုပြင်ထားတဲ့တရားဟူသရွေ့မမြဲဘူး

ဦးဘအုန်းရေ. . . ဒီကပြုပြင်ထားတဲ့ တရားဟူသရွေ့ (ဟိုမှာ အနိစ္စပဲပေါ်ပါတယ်) အနိစ္စချည်း ပေါ်တော့ သစ်ကိုင်း ခြောက်ဆွဲမိသလိုဖြစ်နေတယ် (မှန်ပါ့ဘုရား) အနိစ္စချည်းပေါ်တော့ ဘာဆွဲသတုန်း (သစ်ကိုင်းခြောက် ဆွဲမိပါတယ်ဘုရား)။

ဒါ့ကြောင့် ပြုတ်ကျတယ်. . . (မှန်ပါ့) နတ်သမီးငါးရာတို့ သုဗြဟ္မာနတ်သား၏နတ်သမီးငါးရာတို့ သူတို့နဲ့တကွ-အလုံးစုံ ဦးဘအုန်း ပြုတ်ကျတယ်. . . (မှန်ပါ့)။

ဟ. . . ဘယ့်နှယ်ကြောင့်ပါလိမ့်မတုန်းလို့ မေးကြရင် ဘယ့်နှယ်ဖြေကြမလဲ၊ သင်္ခါရ သင်္ခါရာ အနိစ္စ အားကိုးလို့. . . (မှန်ပါ့) ဩော်. . . အနိစ္စ အားကိုးလို့ . . . (မှန်ပါ့)။

နောက်က ဒကာ ဒကာမတွေ. . ဘယ်လိုမှတ်ကြမယ်. . (အားကိုးမလွှဲစေနဲ့ပါဘုရား) ခင်ဗျားတို့ နဂိုက မိဘရိုးရာအတိုင်း အားကိုးအားထားတာကတော့ဖြင့် အနိစ္စပဲအားကိုးထားတယ် (မှန်ပါ့ဘုရား) ဦးဘအုန်း - မငြင်းနဲ့တော့. . . (မငြင်းပါဘုရား)။

နဂိုက အားကိုးထားတာကဖြင့် (အနိစ္စပဲအားကိုးထားပါတယ်) သင်္ခါရာဆိုတာ ခင်ဗျားတို့ပြုပြင်တဲ့ ဒါနကြောင့် ခင်ဗျားတို့ နတ်ပြည်မှာ ပေါ်လာတဲ့ဘုံနန်း - ဗိမာန် ပဒေသာပင်တွေ. . . (မှန်ပါ့) ရှင်းပလား - (ရှင်းပါပြီ) အဲဒါတွေ ဘုရားက ဘာတဲ့တုန်း. . . (သင်္ခါရ သင်္ခါရာ အနိစ္စပါဘုရား)။

အဲ. . . မင်းတို့ ပြုပြင်ထားတဲ့ တရားတွေဟာ ဟိုမှာ အနိစ္စတရားသာပေါ်မယ်ကွတဲ့ . . . (မှန်ပါ့ဘုရား) နိစ္စ - နိဗ္ဗာန်မပေါ်နိုင်ဘူးတဲ့ (မှန်ပါ့) ပေါ်နိုင်ရဲ့လား (မပေါ်နိုင်ပါဘုရား)။

တော်တော်ကြာ . . . ဘုံပါပျောက်၊ နတ်သမီး၊ နတ်သားတွေ ပျောက် (ပျောက်ပါတယ်) ဟ. . . ဘယ့်နှယ်ကြောင့် ပျောက်

ပါလိမ့် မတုန်းမေးတဲ့အခါကျတော့မှ သင်္ခါရာ အနိစ္စ အားကိုးကြလို့ (မှန်လှပါဘုရား) အနိစ္စပြုတ်ကျလိုက်တာ အပါယ်လေးပါးရော၊ လူ့ပြည်ရောဆိုသလိုပဲ . . . တဲ့၊ ဒကာကြွယ်ရဲ့အကုန်ပြုတ်ကျတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပြုတ်ကျပါလိမ့် . . . (သင်္ခါရာ အနိစ္စ အားကိုးမိလို့ပါဘုရား) သင်္ခါရာ အနိစ္စအားကိုးမိလို့ (မှန်ပါ့) အဲဒီတော့ ယနေ့ကစပြီးတော့ ဘယ်သူကပြောပြော ဒကာအုန်းတို့ ဒကာကြွယ်တို့ မောင်ဘသော်တို့က စပြီးတရား တစ်ပွဲလုံးမယုံကြနဲ့ . . . (မှန်လှပါဘုရား) ပြုတ်ကျမှာပဲ. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့်ပြုတ်ကျသတုန်းဆိုတော့ သူ့ပါဠိတော် ရွတ်ကြည့်လိုက်ရင် မောင်ဘသော်ပေါ်နေပြီ . . . (မှန်ပါ့) သင်္ခါရာ. . . (အနိစ္စပါဘုရား) ဟိုမှာရှိတာတွေက ဒီက ပြုပြင်ထားလို့ပေါ်တဲ့ သင်္ခါရတရား (မှန်လှပါဘုရား) သင်္ခါရတရားဟာ အနိစ္စ လမ်းဆုံးတယ်. . . (မှန်ပါ့) ပြုပြင်လို့ပေါ်လာတဲ့တရားက . . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

အဲ. . . ခင်ဗျားတို့ဒီကနေ ကျောင်းကလေးများဆောက်ပြီး နတ်ပြည်ဘုံပေါက်တယ်. . . (မှန်ပါ့) ခင်ဗျားတို့ပြုပြင်လိုက်လို့ပေါ်လာတယ် (မှန်ပါ့) အင်း . . . ဒကာကြွယ်. . . တော်စော်ကြာတော့ အနိစ္စရောက်ပါရော (ရောက်ပါတယ်ဘုရား) အဲဒီတော

ါ အားကိုးနေတဲ့ပုဂ္ဂိုလ်ဟာ ဝမ်းနည်းပက်လက်ဖြစ်ပြီး ဘုံပျောက်ပါ ပေါ့လား . . (မှန်ပါ့) အင်း - သေရတော့မှာပါပဲလားဆိုပြီး သကာလ နဂိုကအထင်ကြီးနဲ့ အားကိုးလိုက်တာ အခုတော့ဖြင့် အနိစ္စရောက် သွားတဲ့အခါ ဒကာကြွယ် ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

ဒါဖြင့် သစ်ပင်တက်တဲ့ပုဂ္ဂိုလ် သစ်ကိုင်းခြောက်ဆွဲမိလို့ရှိရင် ဦးဘအုန်း ကိုယ်ကျိုးနည်းပြီ . . . (နည်းပါပြီဘုရား) သစ်ကိုင်းလဲ ကျိုးပေါ့ဗျာ ခန္ဓာလဲကျိုးပေါ့ . . (မှန်ပါ့) ဒီအတိုင်းပဲ နေလိမ့်မယ် . . . (နေပါတယ်ဘုရား)။

အဲဒါကြောင့် သင်္ခါရာ အနိစ္စကိုဖြင့် အားမကိုးလိုက်ပါနဲ့ဆိုတဲ့ ဥစ္စာတော့ သေသေချာချာ ယနေ့သတိပေးပါတယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ကောင်းပြီ . . ဒါဖြင့် ဘာအားကိုးရမှာတုန်း လို့မေးတော့ သင်္ခါရကိုအားမကိုးနဲ့ အသင်္ခတကို အားကိုး (မှန်ပါဘုရား) သင်္ခါရ ကိုအားမကိုးပါနဲ့ . . . (မှန်ပါ့) အသင်္ခတကို . . . (အားကိုးပါ ဘုရား)။

ဦးဘအုန်း ပေါ်ပလား (ပေါ်ပါပြီဘုရား) အခု ပြုတ်ပြုတ်ကျ နေကြတာ သင်္ခါရကို အားကိုးကြလို့ . . . (မှန်ပါ့) သင်္ခါရအားကိုး လိုက်တော့ ဟိုက အနိစ္စတွေဖြစ်နေတယ် . . . (မှန်ပါ့) အသင်္ခတ ဆိုတာ ဘယ်သူမှ မပြုပြင်ဘဲနဲ့ဖြစ်တဲ့ နိဗ္ဗာန်ဆိုတော့ ပြုပြင်တဲ့စွမ်း ရည်သတ္တိ သူ့ကိုဘယ်သူမှ မတတ်နိုင်ဘူး (မတတ်နိုင်ပါဘုရား)။

သဘာဝဖြစ်ပြီးသကာလ နိဗ္ဗာန်ရနိုင်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းသာ ဖြစ်နေတာ . . . (မှန်ပါ့ဘုရား) နိဗ္ဗာန်ရထိုက်တဲ့ ပုဂ္ဂိုလ်က သွားဆောက်ထားတဲ့ နိဗ္ဗာန်တောင်မဟုတ်ဘူး . . . (မှန်လှပါ) ရထိုက်တဲ့ ပုဂ္ဂိုလ် သူ့ဆီရောက်လာတယ် (မှန်ပါ့ဘုရား)။

**ဘယ်သူမှမပြုပြင်ပဲနဲ့ရှိနေတဲ့တရား**

ဘယ်သူမှပြုပြင်ထားတဲ့တရား မဟုတ်သောကြောင့် သူက အသင့်တတရား . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) ဘာဇာရားတဲ့ (အသင့်တတရားပါဘုရား) အသင့်တတရားဆိုတာ ဒကာဒကာမတွေက လေးလေးစားစား မှတ်လိုက်ပါ၊ ဘယ်သူမှ မပြုပြင်ဘဲနဲ့ ရှိနေတဲ့တရား . . . (မှန်ပါ့)။

ဒါကြောင့် ကြည့်တဲ့လူက အစွမ်းရည်သတ္တိကုန်ရင် သူပျက်တယ်လို့ ဆိုစရာမရှိဘူး (မှန်ပါ့) သဘာဝဓမ္မခိုင်မြဲနေတဲ့ တရား (မှန်ပါ့) ဒကာကြွယ်ဘယ်လိုတဲ့တုန်း . . . (သဘာဝဓမ္မခိုင်မြဲနေတဲ့ တရားပါဘုရား)။

အဲဒါကပြုပြင်လို့ ပေါ်လာတာလား၊ သူ့သဘောနဲ့ သူခိုင်မြဲနေတာလား (သူ့သဘောနဲ့သူ ခိုင်မြဲနေတာပါဘုရား)။

ဒါနဲ့ သူ့သဘောနဲ့ ခိုင်မြဲနေတဲ့ပုဂ္ဂိုလ်ဟာ မဂ္ဂင်နဲ့သွားလိုက်တဲ့ အခါကျတော့ ရောက်တယ် . . . (ရောက်ပါတယ်ဘုရား) ရောက်သွားတဲ့အခါကျတော့ သူ့သဘောနဲ့ခိုင်မြဲနေတဲ့ ဓမ္မဖြစ်သောကြောင့်

သူ့ကို အသင်္ခတတရားလို့ခေါ်ရတယ် (မှန်ပါ) ပျက်စရာ, ကျိုးစရာ, ပေါက်စရာ,ရှိသေးရဲ့လား (မရှိပါဘုရား) အဖိုးတန်တယ် . . (တန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သင်္ခတသင်္ခါရဆိုတာ အနိစ္စလမ်းဆုံးတယ်. . . (မှန်ပါ) သဘောကျပလား - (ကျပါပြီ) အသင်္ခတဆိုတာကတော့ အလုံးစုံသင်္ခါရတရားတွေပြုပြင်လို့ မဖြစ်တဲ့တရား . . . (မှန်ပါ)။

သင်္ခါရတရားတွေပြုပြင်လို့ မဖြစ်တဲ့တရား ဘာခေါ်ကြမယ် (အသင်္ခတတရားပါဘုရား) အဲ. . . အသင်္ခတက နိဗ္ဗာန်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

**သင်္ခါရအားမကိုးနဲ့အသင်္ခတအားကိုး**

အဲဒီတရားကလဲ ဘယ်သူမှမပြုပြင်ဘဲနဲ့ သဘာဝမွရှိနေတဲ့တရားဖြစ်လေသောကြောင့် ဦးဘအုန်း ပြင်စရာပျက်စရာကျိုးစရာပေါက်စရာ ဘယ့်နှယ်တုန်း . . . (မရှိပါဘုရား) ဒါဖြင့် ဘာအားကိုးကြမယ်. . . (အသင်္ခတအားကိုးကြပါမယ် ဘုရား)။

သင်္ခါရအားမကိုးနဲ့ အသင်္ခတအားကိုး . . . (မှန်ပါ) ရှင်းပြီနော် . . . (ရှင်းပါပြီ) အသင်္ခတသွားချင်တော့လဲ ဒကာကြွယ်ရေ အသင်္ခတဂါမိမဂ္ဂေါ လုပ်ရလိမ့်မယ် . . . (မှန်ပါ)။

အသင်္ခတသွားချင်တော့ (အသင်္ခတဂါမိ မဂ္ဂေါလုပ်ရပါ

မယ်) အသင်္ခတဂါမိမဂ္ဂေါ အသင်္ခတသို့ သွားရာဖြစ်တဲ့မဂ်ကို လုပ်ရလိမ့်မယ်. . . (မှန်ပါ) ရှင်းပြီနော် - (ရှင်းပါပြီ) အသင်္ခတ သွားချင်တော့ . . . (အသင်္ခတဂါမိမဂ်ကိုလုပ်ရပါမယ်) အသင်္ခတ ဂါမိမဂ္ဂေါကို လုပ်ရလိမ့်မယ်. . . (မှန်ပါ) ဒါကသံယုတ်ပါဠိတော်လို့ ဒကာကြွယ် ကမှတ်လိုက် . . . (မှန်ပါဘုရား)။

အသင်္ခတသွားချင် အသင်္ခတဂါမိမဂ်ဆိုတာ ရှိသေးတယ် (မှန်ပါ) အဲဒါလုပ်မှသာလျှင် လိုရာခရီးကိုခိုင်မြဲတဲ့ နေရာဌာနကို သူပို့ပေးလိမ့်မယ် (မှန်ပါ) သူပို့ပေးတော့ ပျက်စရာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အဲဒါကြောင့် ယနေ့ဒကာကြွယ် အရေးတကြီးပြောနေ တယ်ဆိုတာများ အားကိုးရာမရောက်မှာစိုးလို့ . . (မှန်ပါဘုရား)။

## လူ့ပြည်ကျောင်းဆောက်၊ နတ်ပြည်ဘုံပေါက်ဆိုတာ

ယနေ့ပြောတဲ့တရားဟာ ဘာတရားပါလိမ့် (အားကိုးရာ အစစ်ရှာဖို့တရားပါ) အားကိုးလွဲမှာစိုးလို့ တချို့ရှေးကျကျတွေက ကျုပ်တို့ဗျာ ခုလောက်ရှိ လူ့ပြည်ကျောင်းဆောက် နတ်ပြည် ဘုံပေါက်နေရမယ် ကျုပ်တို့သွားရင် အဆင်သင့်ပေါ့ . . . (မှန်ပါ) ဟာ . . . ဟုတ်တယ်လို့ပဲ ဘုန်းကြီးတို့လဲ ဟောနေရသေးတယ် . . . (မှန်ပါ)။

ဟုတ်တယ် ဒကာဒကာမတို့ ခင်ဗျားတို့ ဒီမှာ လူ့ပြည်

ကျောင်းဆောက် နတ်ပြည်ဘုံပေါက်မယ်ဆိုတာ ဘုရားလဲဟောပါ တယ်၊ သို့သော် . . . အဲဒီဘုံဟာ သခ်တလား အသခ်တလား တစ်ခါခွဲဦး . . . (သခ်တပါဘုရား)။

ဒါဖြင့် သခ်တဖြင့် ဘယ်လမ်းဆုံးမယ် . . . (အနိစ္စလမ်းဆုံး ပါမယ်ဘုရား) ဟာ. . . ဒါဖြင့် ခဏတည်းခိုရာရမယ်. . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ . . . (ခဏတည်းခိုရာရပါမယ်) ဒကာကြွယ် ပေါ်ပလား . . . (ပေါ်ပါပြီ)။

အမြဲတမ်း ဘယ့်နှယ်တုန်း (တည်းခိုရာမရပါဘုရား) ဘာ တရားမို့ဘုန်း . . (သခ်တတရားမို့ပါဘုရား) သခ်တတရာ ခင်ဗျားတို့ကပြုပြင်လို့ ပေါ်ထားတာကိုးဗျ . . . (မှန်ပါ့)။

အဲ-သဗ္ဗေသင်္ခါရာအနိစ္စဆိုတော့ သခ်တနှင့် သင်္ခါရ အတူတူ ပဲ၊ သူက အနိစ္စလမ်းဆုံးတာ ဒကာကြွယ်တို့က ဟ. . . အားကိုး လောက်ပြီဆိုပြီး ရေနစ်တဲ့လူ ငှက်ပျောဖောင် အားကိုးသလိုဖြစ် နေပြီ . . . (မှန်ပါ့) ခုနစ်ရက်လောက်ခံပြီး နောက်ကျတော့ ငှက်ပျောဖောင်က ပုပ်ရိပြီးမြုပ်တယ်. . . (မှန်ပါ့) မမြုပ်ပေဘူး လား . . (မြုပ်ပါတယ် ဘုရား)။

အဲဒီတော့ ဒကာကြွယ်ရေ မဆိုင်တာ အားကိုးမိလို့ရှိရင် အားကိုးခြင်းကြောင့်ပဲ ကိုယ်ပါမြုပ်ရတယ် . . . (မှန်ပါ့) သဘောပါ ကြပလား . . . (ပါပါပြီ)။

ဘာအားကိုးကြမယ်

ကဲ. . . ဒါဖြင့် ဘာအားကိုးကြမယ်. . . (အသခ်ံတတရား အားကိုးကြပါမယ်) အသခ်ံတအားကိုးမယ်ဆိုတော့ အသခ်ံတ ဆိုတာ ဒီဘက်မှာ (မှန်လှပါ) ဝေဒနာနိရောဓာတဏှာနိရောဓော နိဗ္ဗာန်ကိုးဗျ (မှန်လှပါ) ခင်ဗျားတို့ နာဖူးလှပြီနော် (မှန်ပါ့)။

အဲဒီ နိဗ္ဗာန်ဟာ အသခ်ံတ . . . (မှန်ပါ့) သို့သော် အသခ်ံတ ဂါမိမဂ် ဒီနားမှာမပေါ်ရင်မရဘူး . . . (မှန်ပါ့) ရှင်းပြီနော် . . (ရှင်းပါပြီ)။

ဒါဖြင့် အသခ်ံတ သွားချင်လို့ရှိရင် ဦးဘအုန်း ဘာလုပ်ရဦး မယ် (အသခ်ံတဂါမိမဂ်ပေါ်အောင် လုပ်ရပါမယ်ဘုရား)။

အသခ်ံတဂါမိမဂ်ဆိုတော့ နိဗ္ဗာန်ကိုရောက်ကြောင်း မဂ္ဂင် လုပ်ဦးကွ . . . (မှန်ပါ့) မလုပ်လို့ရှိရင် (မရပါဘုရား) မရဘူးဆိုတာ သေချာကြပလား . . . (သေချာပါပြီ)။

အေး ဒါကြောင့် ဒကာကြွယ် ယနေ့တရားမှာ မများပါဘူး . . . (မှန်ပါ့) မများပါဘူးတဲ့ အားကိုးလွဲမှာစိုးလို့ အမှန်တက်ပေး နေတယ်လို့ ဦးဘအုန်းမှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

တိုက်ကြီးတစ်လုံးတော့ ဝယ်မိပါတယ်၊ ကိုယ်ကမသိတော့ အဆွေးကြီးဖြစ်နေတော့ ဝယ်ပြီးပြင်ရုံပဲရှိမှာပဲ၊ နေဖို့မရသေးဘူး . . . (မှန်ပါ့)။

ဒီလိုပဲနေမှာပဲ နတ်ပြည်သွား တိုက်ဆောက်လဲ ဒကာကြွယ်

ကံကုန်ရင်ပြုတ်ကျတယ် . . . (မှန်ပါ့) ဗြဟ္မာပြည် ဗြဟ္မာနှစ်ဆယ်ကြီး သွားဖြစ်ပြန်တော့ကော . . . (ကံကုန်ရင် ပြုတ်ကျပါတယ်ဘုရား) အို. . . နဂိုကအဆွေးကိုင်မိလို့ ပြုတ်ကျတယ် . . . (မှန်ပါ့) ပျက်စီးတတ်တာကိုကိုင်မိလို့ . . . (ပြုတ်ကျပါတယ် ဘုရား) ပျက်စီးရတယ်ဆိုတဲ့အကြောင်းဟာဖြင့် ရှင်းသွားပြီ . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့်တဲ့ ခင်ဗျားနိဗ္ဗာန်ဆိုတဲ့ အသင်္ခတကိုဖြင့် ဒကာကြွယ် တကယ်အားကိုးပါဆိုတာ တိုက်တွန်းလိုက်တယ် . . (မှန်ပါ့)။

သို့သော် . . . သူ့နေရာရောက်အောင်ပို့နိုင်တာက ဦးဘအုန်း အသင်္ခတဂါမိနိမဂ္ဂေါလို့ ရှိသေးတယ် . . . (မှန်ပါ့)။

သူ့နေရာရောက်အောင် ပို့နိုင်တာက . . . (အသင်္ခတဂါမိနိမဂ္ဂေါပါဘုရား) ဒါဖြင့် မဂ္ဂင်ရှစ်ပါးဆိုတယ် . . . (မှန်ပါ့)။

အသင်္ခတဂါမိနိမဂ္ဂေါဆိုတာက ဦးဘအုန်းရေ ဘာဆိုပါလိမ့် . . (မဂ္ဂင်ရှစ်ပါးကို ဆိုပါတယ်ဘုရား)။

အဲ. . . မဂ္ဂင်ရှစ်ပါးက အသင်္ခတရှိတဲ့ဆီကိုပို့မှာ . . . (မှန်ပါ့) ဒါဖြင့် အသင်္ခတလမ်းကိုလိုက်မှ အသင်္ခတနေရာ ရောက်မှာပေါ့ . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်ဘာတဲ့ (အသင်္ခတလမ်းလိုက်မှ အသင်္ခတနေရာ ရောက်မှာပါဘုရား) အသင်္ခတလမ်း လိုက်မှ အသင်္ခတနေရာရောက်မှာ . . . (မှန်ပါ့) နို့မဟုတ်လို့ရှိရင် (မရောက်ပါဘုရား)။

ကိုင်း . . . ဒါဖြင့် တရားလဲ တော်တော်ရှည်လာတော့

အားကိုးရာအစစ်က အသင်္ခတလမ်းက သွားမှာသာလျှင် အသင်္ခတ ရှိတဲ့နေရာ ရောက်မှာ . . . (မှန်ပါ့)။

**အသင်္ခတဂါမိမဂ်ကိုးအားကိုးရမယ်**

အသင်္ခတဂါမိမဂ်ကသွားမှ အသင်္ခတ နိဗ္ဗာန်ရောက်မယ် ဆိုတာဖြင့် သေချာတယ် . . (သေချာပါတယ် ဘုရား)။

သေချာတော့ ဒီအတိုင်းခြေလျှင်သွားမှရမလား၊ ပွားများ ယူရမှာလား . . . (ပွားများယူရမှာပါ) ဦးဘအုန်း ပေါ်ပါပြီ (ပေါ်ပါ ပြီ) ဒကာကြွယ်ပေါ်ပါပြီ . . . (ပေါ်ပါပြီ)။

အသင်္ခတဆိုတာ နိဗ္ဗာန် . . . (မှန်ပါ့) နိဗ္ဗာန်ဆိုတာကို သွား လမ်းမရှိဘဲနဲ့ ဘယ်သူမှမသွားတတ်ဘူး . . . (မှန်ပါ့) သွားလမ်း မရှိဘဲနဲ့ . . . (မသွားနိုင်ပါဘုရား) မသွားတတ်တော့ အသင်္ခတ ဂါမိမဂ်ကို ကျုပ်တို့ရအောင်လုပ်ရမယ် . . . (မှန်ပါ့)။

အဲဒီအသင်္ခတဂါမိမဂ်သည် ကျုပ်တို့၏ အားထားရာ,ကိုးစား ရာအစစ်ပါပဲ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ . . . ဒီ အခု ျနံပါတ်ထဲတွေတဲ့ ခန္ဓာတွေကို ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာကို ဖြစ်ပျက်ရှု (မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲဘာရောက်လာသလဲ . . . (မဂ်ရောက်လာပါတယ်) အဲဒါအသင်္ခတဂါမိမဂ်ပဲ (မှန်ပါ)။ ဒကာ ကြွယ် ဘာတဲ့တုန်း . . . (အသင်္ခတဂါမိမဂ်ပါဘုရား) ဘယ်သွားမှာ

တဲ့တုန်း (နိဗ္ဗာန်သွားမှာပါ) ဒီလိုမဆိုနဲ့ အသင်္ခတကိုသွားမှာ (မှန်ပါ ဘုရား) မဟုတ်ဘူးလေ ... သွားမှာ ... (မှန်ပါ)။

ဒီအသင်္ခတဂါမိမဂ်က အသင်္ခတဆီသွားမယ် ... (မှန်ပါ) သဘောကျပလား ... (ကျပါပြီ) နိဗ္ဗာန်ဆိုတော့ အတူတူတော့ အတူတူပါပဲ၊ သို့သော် သူ့အမျိုးနဲ့၊ သူ့ အသွားနဲ့၊ သူ့ အရောက်နဲ့ ကိုက်ရမယ် (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ဦးဘအုန်းရေ .. အသင်္ခတနိဗ္ဗာန် သွားချင်လို့ရှိရင် အသင်္ခတမဂ်ခရီးက မသွားရင် (မရောက်ပါဘုရား) ရောက်ကိုမရောက်နိုင်ဘူးဆိုတာ သေချာပလား ... (သေချာပါပြီ)။

ကိုင်း .. ဒါဖြင့် သင်္ခတနယ်သွားချင် သင်္ခတမဂ်နဲ့သွားပေါ့ (မှန်ပါ) အသင်္ခတသွားချင်တော့ အသင်္ခတဂါမိမဂ်နဲ့ သွားပေါ့ ... (မှန်ပါ) ရှင်းပြီ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်စိတ်ကိုယ် ဒကာဒကာမတို့ သန္တာန်၌ မြင်စိတ်ကလေးပေါ်လဲ ဖြစ်ပျက်ရှု ... (မှန်ပါ) ကြားစိတ် ကလေးပေါ်လဲ (ဖြစ်ပျက်ရှုရပါမယ်) နှာခေါင်းထဲ နံစိတ်ကလေး ပေါ်လဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အင်း ... ဖြစ်ပျက်တော့ တွေ့ပြီပေါ့-ဝမ်းထဲမှာ ပေါ်တာ က မဂ်ပဲ ... (မှန်ပါ) အဲဒီမဂ် ဘယ်သွားမှာဝုန်း (အသင်္ခတ ကိုပါဘုရား)။

အသင်္ခတသွားမယ်၊ သူက ဘာဖြစ်လို့သွားနိုင်သတုန်း . . . အသင်္ခတဂါမိမဂ်ဖြစ်လို့ (မှန်ပါ့) သူက ဘယ့်နှယ်ကြောင့် သွားပါလိမ့် (အသင်္ခတဂါမိမဂ်ဖြစ်လို့ပါ) အသင်္ခတဂါမိမဂ်ဖြစ်လို့ ရှင်းပလား (ရှင်းပါပြီ) ဥပမာ ရန်ကုန်သွားချင်တဲ့ ဥစ္စာ ဘယ်လမ်းကို မလိုက်ဘဲနဲ့ ဦးဘအုန်းရေ ဟိုဘက်ကရေနံချောင်းလမ်း လိုက်သွား မိမယ်ဆိုလို့ ရှိရင် မိတ္ထီလာ လမ်းခွဲကနေပြီး သေသေချာချာဆိုးတယ်၊ ရောက် ပါ့မလား . . . (မရောက်ပါဘုရား)။

ဘာကြောင့်တုန်း ဆိုလို့ရှိရင် သူ့မြို့နဲ့သူ့လမ်း မမှန်ရင်လဲ . . . (မရောက်နိုင်ပါဘုရား )မရောက်နိုင်ဘူးဆိုတာ သေချာကြ ပလား . . . (သေချာပါပြီဘုရား)။

## ဖြစ်ပျက်မြင်တဲ့မဂ်သည် နိဗ္ဗာန်သွားလမ်း

ကဲ . . . ဒါဖြင့် ခင်ဗျားတို့နားထဲမှာ ယနေ့ရှင်းရှင်းလင်းလင်း ကြော် . . . ဖြစ်ပျက်မြင်တဲ့မဂ်ကမှ အသင်္ခတဆိုတဲ့ နိဗ္ဗာန်သွားတဲ့ လမ်းခရီးအစစ်ပါလေသား . . . (မှန်လှပါဘုရား) ဒီမဂ်ဟာ လမ်းခရီး အစစ်ပဲ . . . (မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ မဂ်သည် . . . (လမ်းခရီးအစစ်ပါဘုရား) အသင်္ခတ နိဗ္ဗာန်သွားတဲ့လမ်းခရီးအစစ် . . . (မှန်ပါ့) ရှင်းကြပလား . . (ရှင်းပါပြီ)။

ကိုင်း ဒါဖြင့် ဒကာကြွယ် ဒီလမ်းခရီးကလဲ ဘုရားတစ်ဆူ

တစ်ဆူပေါ်မှတစ်ခါ တစ်ခါပေါ်လာတဲ့လမ်းခရီး (မှန်ပါဘုရား) ဘုရားပရိနိဗ္ဗာန်စံပြီးနောက်လဲ . . . ဒိဋ္ဌိချုံတွေအကုန်ဖုံးပြန်တာပဲ (မှန်ပါ) ဒိဋ္ဌိချုံတွေ (အကုန်ဖုံးပါတယ် ဘုရား) အကုန်ဖုံးပြီးသကာလ ဒကာကြွယ်လမ်းပျောက်တယ် . . . (မှန်ပါ) ဘုရားတစ်ခါပွင့်လာပြန်လို့ရှိရင် တစ်ဆူတစ်ဆူပွင့်ပြန် ရှင်းရပြန်ပြီဒီလမ်းကို (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ကိုင်း . . ဒါဖြင့် ဒီလမ်းဟာဖြင့် ခုတော့ဖြင့် ရှိသေးရဲ့ . . . ဒကာကြွယ်ရေ (မှန်ပါ) ဘာ့ကြောင့်တုန်းဆိုတော့ ဟောမည့်ပြောမည့်ပုဂ္ဂိုလ်၊ လမ်းပြမည့်ပုဂ္ဂိုလ်ကလဲရှိသေးတယ် (မှန်ပါ) ခင်ဗျားတို့ကလဲ ကြည့်တတ်တဲ့ဉာဏ်ကလေးနဲ့ကြည့်တော့ ဝမ်းထဲမဂ်ပေါ်နိုင်တဲ့ စွမ်းရည်သတ္တိကလဲ ရှိသေးတယ် . . . (မှန်ပါ)။

အဲဒါ ခင်ဗျားတို့ကံကောင်း အကြောင်းသင့်တော့တယ် ဆိုတာ မှတ်ရမယ်. . (မှန်ပါ) နောက်ကျတော့ ဒီလမ်းကဟောမည့်သူလဲမရှိဘူး ဦးဘအုန်းရေ (မှန်ပါ) လမ်းပျောက်မလား မပျောက်ဘူးလား . . . (ပျောက်ပါတယ် ဘုရား)။

ဟောမည့်သူမရှိတော့ ဒိဋ္ဌိတွေကလွှမ်းမိုးတယ် . . (မှန်ပါ) တဏှာဒိဋ္ဌိလမ်းကိုးဗျ . . . (မှန်ပါ) မိစ္ဆာဒိဋ္ဌိက ကြီးစိုးလာတဲ့ အခါကျတော့ပျောက်မယ် -(ပျောက်ပါမယ်) မပျောက်သေးဘူးလား . . (ပျောက်ပါတယ် ဘုရား)။

အဲဒီတော့ မိစ္ဆာဒိဋ္ဌိတည်းဟူသော ချုံပိတ်ပေါင်းတွေ ယခု

မရောက်ခင် ဘုန်းကြီးများက ဟောဒီက သွား, ဒီလမ်းသွားဆိုတာ ခင်ဗျားတို့ဖြစ်ပျက်ရှုပြီးသွားကြ၊ ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်ပဲ (ဝါ) အသခ်တပဲ . . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

**မိစ္ဆာဒိဋ္ဌိချုံတွေမအုပ်ခင်ဟောနေတာ**

ဘယ်အချိန် သူဟောနေတာပါလိမ့်မတုန်း မေးပြန်တော့လဲ အချိန်ပိုင်းနဲ့ဟောရတာလို့ ဒကာကြွယ်ကမှတ်လိုက် (မှန်ပါ့) မိစ္ဆာဒိဋ္ဌိချုံတွေမအုပ်ခင် ဟောနေတာ . . (မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိချုံတွေ အုပ်သွားမယ်ဆိုလို့ရှိရင် (မဟောနိုင်ပါဘုရား) ဒီလမ်းရှာတွေ့ပါ့မလား (မတွေ့ပါဘုရား) ကဲ ။ ဦးဘအုန်း ရိပ်မိလောက်ပါပြီ . . . (ရိပ်မိလာပါပြီ) မိစ္ဆာဒိဋ္ဌိချုံတွေကလဲ ဝိုင်းနေတာပဲ (မှန်ပါ့) ကိုယ့်သန္တာန်ထဲကလဲရှိလျက် (မှန်ပါ့) ဘာသာခြားတွေကလဲ၊ မိစ္ဆာဒိဋ္ဌိတွေကလဲ သူတို့အယူမှသူတို့ ဟုတ်တယ်ဆိုပြီး သကာလ သားတွေ သမီးတွေနဲ့ အမျိုးမျိုးအဖုံဖုံ စွဲကြယူကြ . . . (မှန်ပါ့) မိစ္ဆာဒိဋ္ဌိချုံတွေက ဖုံးသွားလို့ရှိရင် ဒီလမ်း ပျောက်ပါလိမ့်မယ် . . . (မှန်ပါ့)။

ဒီလမ်းပျောက်လို့ သွားမိသွားရာပျောက်လို့ရှိရင်ဖြင့် ခုနင်က ပြောသလိုပဲ . . တဲ့၊ သစ်ပင်တက်တဲ့လူ သစ်ကိုင်းခြောက်အားကိုး သလို ပြုတ်ကျတဲ့လမ်းချည်းရောက်မှာပဲ . . . (မှန်ပါ့) ရောက်သွား မယ်ဆိုတာသေချာပလား . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်းရေ မင်္ဂလမ်းကလေးပေါ်နေတုန်း မိစ္ဆာဒိဋ္ဌိချုံတွေမအုပ်ခင် အမြန် ဒီလမ်းကလေးလျှောက်လိုက် (မှန်ပါ့) နှေးနေရင် ရမယ်မဟုတ်ပါဘူး . . (မရပါဘုရား) နှေးရင် . . (မရပါ) ဥပမာမယ် - နောက်အုပ်ချုပ်ရေး ပြောင်းသွားမယ်ဆိုကြပါစို့ ဘယ်လိုဝါဒလာမယ်ဆိုတာ မပြောနိုင်ဘူး ဦးဘအုန်းရေ . . (မှန်ပါ့) အကယ်၍ မိစ္ဆာမင်းလာရင် မိစ္ဆာဒိဋ္ဌိချုံတွေဖုံးသွားတာပဲ . . . (မှန်ပါ့) မိစ္ဆာဒိဋ္ဌိချုံဖုံးရင် ဒီအသခ်တသွားတဲ့ မဂ္ဂင်၊ အသခ်တ ဂါမိ မင်္ဂလမ်းကလေးဟာက မောင်ဘသော်ပျောက်ပြီ . . . (ပျောက်ပါပြီဘုရား) မပျောက်သေးဘူးလား . . . (ပျောက်ပါပြီဘုရား)။

## ဒီလမ်းကကွယ်တော့မယ်

အဲဒါကြောင့် - ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အချိန်ရဆဲမှာ ဒီလမ်းအလုပ်ကို မြန်မြန်ရှင်းပြီးသကာလ မြန်မြန်ရောက်တော့မှ အေးမှာပေါ့ ဒီလမ်းကလဲ ဖုံးလုပြီ (မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ် . . . (ဒီလမ်းကလဲဖုံးလုပြီ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဒကာကြွယ် သဘောကျရဲ့လား . . (ကျပါတယ်) အင်း . . . ဒီလမ်းက ကွယ်တော့မယ်နော် . . . (မှန်ပါ့) တယ်မကြာဘူး. . . နောက် - နှစ်ပေါင်းတစ်ရာတောင် နေချင်မှနေမယ် ဦးဘအုန်းရေ (မှန်ပါ့) တိုင်းပြည်အပြောင်းအလွဲတွေ အမျိုးမျိုးအဖုံဖုံ

နဲ့ဆိုရင် ဘယ့်နှယ်နေကြမလဲ . . . (ကွယ်မှာပါဘုရား) အဲ. . . လမ်းပျောက်သွားမယ် . . . (မှန်ပါ)။

အဲဒါဘယ့်နှယ်ကြောင့် ပျောက်ရသတုန်းဆိုတော့ မိစ္ဆာဒိဋ္ဌိတည်းဟူသော ငါလုပ်မှငါရတယ်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိချုံတွေကအကုန်ဖုံးတယ် . . . (မှန်ပါ) ဒီလမ်းလိုက်ဖြစ်ပါဦးမလား . . . (မလိုက်ဖြစ်ပါဘုရား)။

စားဖို့, သောက်ဖို့, ငါ့သား, ငါ့သမီး, ငါ့မြေး, ငါ့မြစ်တွေစားဖို့ သာ အရေးကြီးတယ်၊ ငါကြီးပွားဖို့သာ အရေးကြီးတယ်ဆိုပြီး သက္ကာယ ဒိဋ္ဌိချုံတွေက ဖုံးလိုက်ရင် ဒီလမ်းဘယ်သူမှမလိုက်တော့ဘူး . . . (မှန်ပါ) လိုက်နိုင်ပါ့မလား . . . (မလိုက်နိုင်ပါဘုရား)။

အခုလိုလဲ ဒီလမ်းကလေးက ဒကာကြွယ်တို့ရဲ့ လက်ထဲမှာနည်းနည်းကျန်ရစ်တယ် . . . (မှန်ပါ) မဟုတ်ဘူးလား၊ တစ်ချို့ရှိကို မရှိသေးဘူးဆိုတာလဲ သေချာနေပြီ . . . (သေချာနေပြီဘုရား)။

## အသခ်တလမ်းဆိုတာ

ကိုင်း . . . ဒါဖြင့် အသင်္ခတသွားချင်လို့ရှိရင် အသင်္ခတလမ်းက သွားမှရမယ်. . . (မှန်ပါ) အသင်္ခတနိဗ္ဗာန် သွားချင်ရင် . . , (အသင်္ခတလမ်းမှ သွားမှရမှာပါဘုရား) အသင်္ခတလမ်းဆိုတာ မဂ္ဂင်ငါးပါးနဲ့ မဂ္ဂင်ရှစ်ပါးလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)။

အဲ . . ဒါဖြင့် မဂ္ဂင်ရှစ်ပါးနဲ့ မဂ္ဂင်ငါးပါးကလဲ ဒကာဒကာမ တွေက သေသေချာချာမှတ်လိုက်စမ်းပါ . . (မှန်ပါ့) ဒီဟာတွေကို အဖြစ်အပျက် ဒုက္ခသစ္စာမမြင်ဘဲနဲ့ ဒီနေရာမှာပေါ်ကို မပေါ်ဘူး . . . (မပေါ်ပါဘုရား) ပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)။

၂-နံပါတ်တွေကို ဖြစ်ပျက်မမြင်သရွေ့ကာလပတ်လုံး မြင်တဲ့ မဂ်ဟာ မပေါ်နိုင်ဘူး . . (မပေါ်နိုင်ပါဘုရား) ဖြစ်ပျက်ကို မြင်ရင် ဖြင့် မြင်တယ် မဂ်ကို (မှန်ပါ့) ဖြစ်ပျက်ကိုမမြင်သေးရင် (မပေါ်ပါ ဘုရား) အသခ်တဂါမိမဂ်က သူပေါ်ပလား (မပေါ်ပါဘုရား)။

ဒါဖြင့် ဒကာကြွယ်ရေ . . . မြန်မြန်လုပ် (မှန်ပါ့) အသေ စောရင်လဲ မရနိုင်ဘူး . . . (မှန်ပါ့) ဉာဏ်ဖျင်းရင်လဲ . . . (မရ နိုင်ပါ) ဝီရိယမပါရင်လဲ . . . (မရနိုင်ပါဘုရား)။

အဲ . . . မရလို့ရှိရင်ဖြင့် ခင်ဗျားတို့တော်တော်ကြာကျတော့ ကိုယ်က သံသရာပင်လယ်ထဲက မထွက်သေးတော့ အေး-ကျုပ် တို့တော့ မတတ်နိုင်ဘူးခိုးကိုးရာရှိအောင် တစ်ခုခုတော့ ရှာထားရ မှာဆိုတော့ သစ်ကိုင်းခြောက် သွားတွေ့မယ် . . (မှန်ပါ့) မတွေ့ ပေဘူးလား . . . (တွေ့မှာပါဘုရား)။

တွေ့တဲ့အခါကျတော့ ဒကာကြွယ် သိပ်ကြောက်စရာ ကောင်းတယ် . . (မှန်ပါ့) ယာယီသာခိုရတယ်၊ နောက်ဆုံးပိတ် ကိုယ်ပါမြုပ် . . . (မှန်ပါ့)။

ငှက်ပျောဖောင်အားကိုးရင် ယာယီသာခိုရတယ် နောက်ဆုံး

ပိတ် . . . (ကိုယ်ပါမြုပ်ပါတယ်) စီးတဲ့လှေရော၊ အားကိုးတဲ့ ပစ္စည်းရော (မြုပ်ပါတယ် ဘုရား)။

ဝါးဖောင်အားကိုးလိုက်တယ်၊ ပင်လယ်ထဲမှာ . . . (မှန်ပါ့) ခိုတဲ့ပုဂ္ဂိုလ်ရော၊ ဝါးဖောင်ရော . . . (မြုပ်ပါတယ်ဘုရား) မြုပ်မှာပဲဆိုတော့ ဒကာကြွယ်ရေ . . . ဒါဖြင့် အားကိုးစရာအစစ်ဟာ အသခ်တဂါမိမဂ်ပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## ကြိုးစားလုပ်ကြစမ်းပါ

ဒါဖြင့်ကြိုးစားလုပ်ကြစမ်းပါဆိုတော့ ကိုင်း. . . ဒကာဒကာမတို့ မနေ့က ဝင်ရိုးကျိုးတာဟောခဲ့ပြီ၊ ဒီကနေ့တော့ဖြင့်ဝဲ ဒီဘက် လမ်းမကူးအောင်ဟောမယ် . . . (မှန်ပါ့) ၃ နံပါတ်မကူးအောင် ဟောတဲ့နေ့လို့မှတ်ပါ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ၃-နံပါတ်မကူးအောင် (ဟောတဲ့နေ့ပါဘုရား)။

ကိုင်း . . . ဒါဖြင့် ၃-နံပါတ် မကူးအောင် ဒကာဒကာမတို့ မြင်စိတ်ကလေးလာလဲ ဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ. . ဒီထဲမှာ မြင်စိတ်ရှိတယ် (မှန်ပါ့) သဠာယတနဆိုတာ မနာယတနစိတ်တွေပေါ့ဗျာ . . . (မှန်ပါ့) အဲဒီစိတ်ကလေးကို ကိုယ့်သန္တာန်, ဒါကပုံစံပြနေတာ . . . (မှန်ပါ့ဘုရား) မြင်ရသည်နဲ့ တပြိုင်

နက်တည်း မြင်စိတ်ပေါ်လို့ရှိရင်ဖြင့် မြင်စိတ်-ဖြစ်ပျက်ရှု . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက ဒီနေရာ မဂ်ပေါ်တယ် . . . (ပေါ်ပါတယ်ဘုရား) ကြားစိတ်ကလေးနားထဲ ပေါ်ပြန်တော့ကော . . . (ဖြစ်ပျက်ရှုရပါမယ်) အဲ. . . ဖြစ်ပျက် ရှုလိုက် ကြားစိတ်ကဖြစ်ပျက် ရှုတာက (မဂ်ပါဘုရား) အင်း. . . ဒါဖြင့် အသစ်တဂါမိမဂ္ဂေါ ပေါ်လာတယ် . . . (မှန်ပါ့)။

နှာခေါင်းထဲမွှေးတယ်၊ နံတယ်ရယ်လို့ ရှုမိပြန်ရင် . . . (ဖြစ်ပျက်ရှုပါမယ်) အဲဒီရှုတဲ့စိတ်ကလေးဖြစ်ပျက် . . . (မှန်ပါ့)။

နောက်က လိုက်မိအောင်လိုက်ပါ၊ လိုက်-လိုက်တဲ့အခါကျတော့ ဖြစ်ပျက်တွေ့ပါတယ် . . . (မှန်ပါ့) အဲဒီမဂ်ကလေးဟာ အသစ်တဂါမိမဂ် . . . (မှန်ပါ့) နိဗ္ဗာန်ရောက်ကြောင်းမဂ်ပဲ . . . (မှန်ပါ့) အသစ်တသွားကြောင်းမဂ်ပဲ . . (ဝါ) ခရီးပဲဆိုတာ သေချာပလား . . (သေချာပါပြီ)။

ကိုင်း . . . တစ်ခါသွားပါဦး၊ ကိုယ်ပေါ်မှာ ယားတယ် ယံတယ်ဆိုတဲ့ ဒုက္ခစိတ်ကလေးပေါ်ရင် . . (ဖြစ်ပျက်ရှုရပ့ါမယ်) စားစိတ်ကလေးပေါ်ရင် (ဖြစ်ပျက်ရှုပေးရမယ်) ကိုယ်ပေါ်မှာ လေကလေး ဘာလေးတိုက်လို့ ခံသာတဲ့စိတ်ကလေးပေါ်ရင် . . (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

လောဘပေါ်တယ်လို့ အောင့်မထားနဲ့၊ ဖြစ်ပျက်ရှု (မှန်လှပါ

ဘုရား) ဒေါသစိတ်ကလေးပေါ်လာရင်ကော (ဖြစ်ပျက်ရှုရပါမယ်) သံသယဝိစိကိစ္ဆာပေါ်လာရင် . . . (ဖြစ်ပျက်ရှုရပါမယ်) စိတ်ကလေးဟာ ပျံ့လွင့်တယ်ဆိုရင် . . . (ဖြစ်ပျက်ရှုရပါ့မယ်)။

အဲ. . . သူက ဖြစ်ပျက်ဆိုရင် ရှုတာကဘာတုန်း . . (မဂ်ပါဘုရား) အဲဒါ အသခ်တ ဂါမိမဂ်ပဲ . . . (မှန်ပါ့)။

တစ်ခါတစ်လေကျတော့ ပေးချင့်ကမ်းချင်တဲ့ စိတ်ကလေးပေါ်လာရင်. . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်သာရှုမရှုမရှိနဲ့ (မှန်ပါ့)။

တော်တော်ကြာ . . . မေတ္တာပို့လိုက်တဲ့ စိတ်ကလေးပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုပါ။

တော်တော်ကြာကျတော့ . . . ဘာမှမရှိတဲ့ အခါကျတော့ လေထုတ်တဲ့စိတ်ကလေးကိုလဲ ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) လေပြန်ရှိုက်တဲ့စိတ်ကလေးကော . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ ဒါတွေလှည့်ရှုနေ၊ ဘာမှမရှိလို့ရှိရင် ရှူစိတ် ရှိုက်စိတ် ရှုရုံပေါ့. . . (မှန်ပါ့) ဟိုဟာပေါ်တာလဲ ခုနင်က စက္ခုသောတ, ဃာန, ဇိဝှာ, ကာယ, မြင်စိတ်တွေ၊ လောဘ, ဒေါသမောဟ, အလောဘ, အဒေါသတွေ ပေါ်လာရင်လဲ ဒကာကြွယ် - ဖြစ်ပျက်ရှုရုံပေါ့ . . . (မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်မြင်တာက. . . (မဂ်ပါဘုရား)။

နောက် ရှုဖန်များလာတော့ ဖြစ်ပျက်တွေ မှန်းလာတယ် . . . (မှန်ပါ့) နောက်ကျတော့ ဒီဖြစ်ပျက်တွေ ဘာတွေပါလိမ့် မလဲဆိုပြီး ဉာဏ်ကတက်လာတယ် . . . (မှန်ပါ့) ရှုတဲ့ဉာဏ်က ထက်လာတယ်၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့ ပိုင်ပိုင်နိုင်နိုင်လဲ သိရော ဖြတ်ဆို ဒုက္ခ သစ္စာချုပ်တယ် . . . (မှန်ပါ့ဘုရား) ချုပ်တော့ ဒီထဲမှာ တစ်ခုချုပ်ရင် အကုန်ချုပ်တယ် . . (မှန်ပါ့) ဒီငါးခုရေးထား တယ်မဟုတ်လား (မှန်ပါ့) အကုန်ချုပ်တယ် (ဤနေရာ၌ စက်ဝိုင်း ကိုထောက်၍ ပြတော်မူသည်) အကုန်ချုပ်ပြီးသကာလ ဒီဘက်က ဟာ ပေါ်လာ တယ် . . . (မှန်ပါ့ဘုရား) ဝေဒနာ နိရောဓာ တဏှာ နိရောဓော နိဗ္ဗာနံ ဆိုတဲ့ အသင်္ခတပေါ်လာတယ် . . . (မှန်ပါ့ ဘုရား) ဘာပေါ်လာသလဲ (အသင်္ခတ ပေါ်လာပါတယ်)။

အသင်္ခတပေါ်လာတော့ကို . . . တဲ့၊ အသင်္ခတကို ဘာနဲ့ မြင်သတုန်းမေးတော့ ခုနင်က ရှုနေတဲ့မဂ်နဲ့ပဲမြင်တယ် . . . (မှန်ပါ့) ဒါဖြင့် သူ့ပိုတာပဲ . . . (မှန်ပါ့)။

ဘယ်သူကပို့တာတုန်း . . (မဂ္ဂင်ကပါဘုရား) မဂ္ဂင်ကပဲ ပို့တယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ရှေးက ဒီနေရာမမြင်ဖူးပါဘူး . . (မှန်ပါ့) ဒကာကြွယ် . . . ရှေးက . . (မမြင်ဖူးပါဘူးဘုရား) အင်း . . . အခု ဘယ်သူပြလို့ မြင်ရပါလိမ့် . . . (မဂ္ဂင်ပြလို့မြင်ရပါတယ် ဘုရား) မဂ္ဂင်ကပြလို့မြင် ရတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

ဒါဖြင့် သူပြလို့ မြင်လို့ရှိရင်ဖြင့် ဩော်. . . ဒါမသေရာမှန် အသစ်တနိဗ္ဗာန်ဆိုတာ ဒါပဲ. . . (မှန်ပါ့ဘုရား) ဒါကို မဂ္ဂင်နဲ့ မြင်ပြီး သကာလနေတော့ အဲဒီအချိန်ကျတော့ ဒကာ ဒကာမတို့ ခန္ဓာဘက်ရှုပေး. . . (မှန်ပါ့) ခန္ဓာရှုရင် မြင်တော့နေသေးတယ်နော် . . . (မှန်ပါ့) မြင်တော့နေသည့်အတွက် ဩော်. . . ဒါသည်ကားလို့ ဆိုရင်ဘာပါလိမ့်. . . မသေရာကို မြင်ထားတယ်. . . (မှန်ပါ့)။

## မသေရာကိုမြင်ထားတယ်

မသေရာကို မြင်ထားတယ် ဒကာဒကာမတို့ . . . (မှန်ပါ့) မသေရာကို မြင်ထားတဲ့နေ့ဖြင့် အို. . . စုတေသွားလို့ရှိရင် ဒီနေရာ မင်ရောက်တယ် . . . (မှန်ပါ့) မသေတဲ့နေရာရောက်မယ်. . . (ရောက်ပါတယ် ဘုရား)။

ခုနင်က ဝါးဖောင်တွေအားကိုးတဲ့ပုဂ္ဂိုလ်ကတော့ သေရာပဲ ရောက်တယ် . . . (မှန်ပါ့) ဒီသေပြီးသကာလ ဟိုမှာဘာဖြစ်ဦးမှာ ပါလိမ့် (သေရာရောက်ပါတယ်) ခဏတော့ နေဦးမှာပေါ့လေ (မှန်ပါ့) ပြီးတော့ ဘာဖြစ်မလဲ . . . (သေရမှာပါဘုရား)။

အင်း ဒီကသေပြီးတော့လဲ ဟိုမှာ သေရာဌာနပဲ သွားရ တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် မသေရာဆိုတာသည် အသစ်တပဲ (မှန်ပါ့) အသစ်တ

ဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ဘယ်သူမှမပြုပြင်ဘဲနဲ့ ခိုင်မြဲနေတဲ့တရား (မှန်လှပါဘုရား) အဲဒါဘာခေါ်ကြမယ် (အသင်္ခတပါ) ဘယ်သူမှ မပြုပြင်ဘဲနဲ့ ခိုင်မြဲတဲ့တရားဘာခေါ်ကြမယ် . . . (အသင်္ခတပါ ဘုရား)။

အဲဒီ အသင်္ခတတရားကို ခင်ဗျားတို့ ဖြစ်ပျက်ဆုံးအောင်ရှု နိုင်တဲ့ပုဂ္ဂိုလ်ကိုယ်တိုင်မြင်ရလိမ့်မယ် . . . (မှန်ပါ့) ဖြစ်ပျက်ဆုံး အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ် (ကိုယ်တိုင်မြင်ရမှာပါ) ကိုယ်တိုင်မြင်ရတော့ အမြင်ခံရတဲ့အသင်္ခတ, ကနိဗ္ဗာန် (မှန်ပါ့) ခင်ဗျားတို့ ပြောနေကျ နိဗ္ဗာန် . . . (မှန်ပါ့)မြင်နေတာက မျက်လုံးနဲ့မြင်တာမဟုတ်ဘူး၊ မဂ်ဉာဏ်နဲ့မြင်တာ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဘာနဲ့မြင်တာပါလိမ့် . . . (မဂ်ဉာဏ်နဲ့မြင်တာပါ) မဂ်ဉာဏ် ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တွေနဲ့မြင်ပါတယ် . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် အသင်္ခတနိဗ္ဗာန် . . . (မှန်ပါ့) အသင်္ခတဂါမိမဂ်က မဂ်ဉာဏ် . . (မှန်ပါ့) ဖိုလ်ဉာဏ် သဘောကျပလား . . (ကျပါပြီ)။

ဒီလိုဆိုတော့ ဦးဘအုန်းရေ သေချာပြီလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့) ကိုယ်မြင်ထားတဲ့နေရာ ဒီတစ်ခါမြင်ပြီးလို့ရှိရင်ဖြင့် ဒါ-ငါ၏ရောက်ရာဌာနဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချထားတော့ ဖြတ်ဆိုစုံတေကျ

အဲဒီပဲ ရောက်သွားတယ် . . . (မှန်ပါ) နဂိုကလဲ ချမ်းသာနေတယ် (မှန်ပါ့)။

## ငါသည်အပါယ်လေးပါးတံခါးပိတ်ပြီး

နဂိုကိုက သူ့ဟာသူလဲ စိတ်ထဲမှာ အဲဒါမြင်ပြီးတဲ့ အချိန်က စပြီး တစ်ခါတည်း ဒကာကြွယ်တို့ မှတ်လိုက်ပါ ဩော် . . . ငါသည် ကား အပါယ်လေးပါး တံခါးပိတ်ပြီလို့ သူ့ဟာသူ သိတယ် . . . (မှန်ပါဘုရား)။

ဒီဟာမြင်ပြီးတဲ့ပုဂ္ဂိုလ်က (သူ့ဟာသူ သိပါတယ် ဘုရား) အပါယ်လေးပါးတံခါးပိတ်တယ်ဆိုတာ သူများမမေးရဘူး (မှန်ပါ့) ငါသေရင်အပါယ်မသွားဘူးဆိုတာလဲ သူသိတယ် . . . (သိပါတယ် ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ဒကာဒကာမတို့ ဉာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ် ကိုပဲ တစ်ခါတည်း ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့) မင့်ဟာ အပါယ် မသွားတော့ဘူး (မှန်ပါ့) ဟိုဟာ မင်းမြင်တာ နိဗ္ဗာန်ပဲ . . . (မှန်ပါ့)။

အဲ-ဒီတော့ မင်းသည်ကားလို့ဆိုလို့ရှိရင် ဘာမှ ပူဆွေးသော ကဗျာပါရမရှိတော့ဘူး . . . (မှန်ပါ့) ငါးပါးသီလလဲ လုံသွားပြီ (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဒီဟာလုံပြီ၊ အပါယ်လေးပါးတံခါးပိတ်တာလဲ သူ့ဟာသူသိ တယ် . . . (မှန်ပါ့ဘုရား) ငါးပါးသီလလဲ ဘယ်လိုလွန်ကျူးပါဆိုလို့

မှ (မလွန်ကျူးပါ) ခုနင်က နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ . . . (မှန်ပါ့)။

အသင်္ခတဂါမိမဂ်ကိုမြင်တဲ့ ပုဂ္ဂိုလ်ကတော့ ဦးဘအုန်းရေ ဒါတော်တော့ ပုဂ္ဂိုလ်ကတော့ မဟုတ်ဘူးပေါ့ဗျာ . . . (မှန်ပါ့) တကယ်မြင်တဲ့ ပုဂ္ဂိုလ်ကတော့ ဒကာကြွယ် တကယ်လုံပြီ . . . (မှန်ပါ့) အသက်စွန့်မယ်၊ ငါးပါးသီလမစွန့်ဘူး . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

အပါယ်လေးပါးဆိုတာ သူဟာသူမကျဘူးလို့သိတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ငါသေရင်ဖြင့် ဖရိုဖရဲ ကျတဲ့လမ်းကို မရောက်ဘူး (မှန်ပါ့) နိယတမိစ္ဆာဒိဋ္ဌိ ဘေးတွေလဲ မသင့်တော့ဘူး . . . (မှန်ပါ့) ဘယ်ဆရာမှ ဘယ်တရားလာဟောလဲ မရတော့ဘူး . . . (မရတော့ပါဘုရား)။

ဒီနိဗ္ဗာန်ရောက်တဲ့ တရားဆိုရင် သူနာမယ် . . . (မှန်ပါ့) ဒို့ပြင်တရားဆိုရင် (မနာပါ) ဒို့ပြင်တရား မနာတော့ပါဘူး ဆိုပြီး အယူတွေလဲ ကင်းသွားတယ် . . . (မှန်ပါ့)။

အဲဒါ ဘယ်သူ့ သတ္တိပါလိမ့်မတုန်းဆိုတာ အားကိုးရာရတဲ့ မဂ်သတ္တိ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ဒါဖြင့် ဒကာဒကာမ တို့ ဖြစ်ပျက်မြင်အောင်လုပ်ပါ . . . (မှန်ပါ့) ၂-နံပါတ်ထဲက ဖြစ်ပျက် ကို . . . (မြင်အောင်လုပ်ရပါမယ်) စိတ်ရှုရင် စိတ်ဖြစ်ပျက်မြင်ရင် ပြီးတာပဲ . . . (မှန်ပါ့) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် . . . (ဝေဒနာ ဖြစ်ပျက် မြင်ရင်ပြီးတာပါပဲဘုရား)။

အဲ . . . မြင်ပြီးသကာလ မြင်ရာကနေပြီး ကြိုးစားရှု မုန်း ဉာဏ်ရောက်မှာပဲ . . . (မှန်ပါ့) မုန်းဉာဏ်ကနေပြီး ဆုံးဉာဏ်ရောက် မှာပဲ . . . (မှန်ပါ့ဘုရား)။

ရောက်လို့ရှိရင်ဖြင့် ခင်ဗျားတို့အားကိုးရာအစစ် ကိုယ်ပိုင် ဖြစ်ပြီလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့ . . .။

သာဓု . . . သာဓု . . . သာဓု

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

စာမူခွင့်ပြုချက် ၂၁/၉၇ (၅)
မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။